# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား

နေ့ရောညဥ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြား ရကုန်၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ – ၂၉၆)


၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၁၂ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၆၄)၊ အမှတ် (၁၀၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မန္တလေးမြို့ မဟာဝိဇိတာရုံပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေများအား သွားရောက်ကြည့်ရှု၊ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၁

မန္တလေး တိုင်းဒေသကြီး ချမ်းအေးသာဇံမြို့နယ် မဟာဝိဇိတာရုံပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက၊ နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသ၊ သက်တော် ၉၇ နှစ်၊ ဝါတော် ၇၇ ဝါရှိ သက်တော်ရှည် ဆရာတော်ကြီးသည် ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုခံယူလျက်ရှိရာ ဆရာတော်ကြီးအား ကျန်းမာရေးစောင့်ရှောက်မှုပေးထားသည့် အခြေအနေများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုသည်။


*စာမျက်နှာ ၃ ကော်လံ ၁ ➜*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မန္တလေးမြို့ မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက၊ နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသအား ဖူးမြော်ကြည်ညို၍ ကျန်းမာရေးစောင့်ရှောက်ဆောင်ရွက်ပေးထားမှုအခြေအနေကို ကြည့်ရှုမေးမြန်းစဉ်။

## အားအနည်းငယ်ရှိသော လာနီညာအခြေအနေအဆင့်တွင် ဆက်လက်တည်ရှိ

နေပြည်တော် ဇန်နဝါရီ ၁၁

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားအနည်းငယ်ရှိသော လာနီညာအခြေအနေသို့ ရောက်ရှိနေသည်။ နိုင်ငံတကာ မိုးလေဝသဌာနများ၏ သင်္ချာပုံစံပြုမော်ဒယ်များ ခန့်မှန်းချက်အရ ဇန်နဝါရီလအတွင်း အားအနည်းငယ်ရှိသော လာနီညာအဆင့်တွင် ဆက်လက်တည်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

လာနီညာဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့်ဖြစ်စဉ် ဖြစ်သော်လည်း အဆိုပါ လာနီညာဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် အရှေ့ဘက်မှ လေပွေလှိုင်းများ တိုက်ခတ်ခြင်း၊ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းများ ပိုမိုဖြစ်ပေါ်လာနိုင်ခြင်းနှင့် မိုးရွာသွန်းမှုပုံမှန်ထက်ပိုမိုခြင်း စသည့်ရာသီဥတုဖြစ်စဉ်များ ဖြစ်ပေါ်လေ့ရှိသည်။

လာနီညာဖြစ်ပေါ်မှုနှင့် ပတ်သက်သည့်အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ပေးပို့သွားမည်ဖြစ်သည်။ မိုး/ဇလ


**ယနေ့ ဖတ်စရာ**

ယခုလအတွင်း ပဲခူးတိုင်းဒေသကြီး၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၅ သန်းခွဲခန့်နှင့် ပြည်တွင်းလုပ်သား တစ်ထောင်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့ — ပြည်တွင်းသတင်း — စာ ၈

ဆိုရှယ်မီဒီယာခေတ်တွင် အသုံးပြုသူတိုင်း သိသင့်သိထိုက်သည့် ကျင့်ဝတ်စည်းကမ်း — ဆောင်းပါး — စာ ၁၀

ပွင့်လင်းရာသီရောက်လာပြီ မီးဘေးအန္တရာယ်သတိပြုကာကွယ် — ဆောင်းပါး — စာ ၁၆

## ၂၀၂၅ ခုနှစ်၊ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဖြဟ္မစိုရ်တရားနှင့် စစ်မှန်သော မျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှု လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော် အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ် အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေး။

**ပြည်ထောင်စုဖွား**
**တိုင်းရင်းသားတို့**
**သွေးစည်းညီညီ တွဲလက်ညီမှ**
**ဒို့ပြည်ထောင်စု ခိုင်မြဲမည်**

### ၁၁ - ၁ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ (၅,၄၀၀,၀၀၀) ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အား

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူနေမှုအဆင့်အတန်း မြင့်မားရေးတို့အတွက် အဓိကလိုအပ်ချက်ဖြစ်သော လျှပ်စစ်ဓာတ်အား ရရှိရေးဆောင်ရွက်ရာတွင် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အရင်းအမြစ်များမှ ထုတ်ယူရန် နိုင်ငံတော်ကအားပေးလျက်ရှိသည်။ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အရင်းအမြစ်များမှာ ရေအား၊ လေအား၊ နေရောင်ခြည်စွမ်းအား၊ ဒီရေစွမ်းအား စသည်တို့ဖြစ်ပြီး မြေအောက်မှတူးဖော်ရရှိသည့် ကျောက်မီးသွေး၊ ရေနံ၊ သဘာဝဓာတ်ငွေ့တို့ကဲ့သို့ ကုန်ခန်းသွားနိုင်သည့် ရုပ်ကြွင်းလောင်စာအရင်းအမြစ်များနှင့် ခြားနားစွာပင် ထာဝရကုန်ခန်း ခြင်းမရှိသည့် စွမ်းအင်အရင်းအမြစ်များပင်ဖြစ်သည်။

မိမိတို့နိုင်ငံ၏ လျှပ်စစ်နှင့်စွမ်းအင်လိုအပ်ချက်ကို ပြည့်မီအောင် ဖြည့်ဆည်းနိုင်ရေးဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်ပြီး လူမှုပတ်ဝန်းကျင်အပေါ် ထိခိုက်မှုနည်းပါးသည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် (Renewable Energy) ကို တိုးမြှင့်အသုံး ပြုနိုင်ရေးမှာအရေးပါသည်။ လက်ရှိနိုင်ငံတော်၏ ဓာတ်အားစနစ်တွင် ဓာတ်အားထုတ်လုပ်မှုအရင်းအမြစ်အချိုးအစား (Generation Mix) အနေဖြင့် ရေအားမှ ၄၇ ဒသမ ၆ ရာခိုင်နှုန်း၊ နေရောင်ခြည်စွမ်းအင်မှ ၁ ဒသမ ၇ ရာခိုင်နှုန်း၊ အပူစွမ်းအင် (သဘာဝဓာတ်ငွေ့၊ ရေနံဓာတ်ငွေ့ရည်၊ ကျောက်မီးသွေး) မှ ၅၀ ဒသမ ၇ ရာခိုင်နှုန်းဖြစ်ပြီး တစ်နိုင်ငံလုံး ဓာတ်အားလိုအပ်ချက်၏ ၆၆ ရာခိုင်နှုန်းကျော်ကို ဖြည့်ဆည်းပေးနေခြင်း ဖြစ်သည်။ နိုင်ငံ၏လျှပ်စစ်ဓာတ်အားလိုအပ်ချက်မှာ နှစ်စဉ် ၁၅ ရာခိုင်နှုန်း တိုးတက်လျက်ရှိသည့်အတွက် မူလလိုအပ်ချက်နှင့် နှစ်စဉ်တိုးတက် နေသည့် လိုအပ်ချက်တို့ကို လိုက်မီအောင်ဖြည့်ဆည်းပေးနိုင်ရန် များစွာ ကြိုးပမ်းအားထုတ်ရဦးမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မိတ္ထီလာခရိုင်အတွင်းရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ MSME လုပ်ငန်းရှင်များအား ဇန်နဝါရီ ၁၀ ရက်က တွေ့ဆုံအမှာစကားပြောကြားရာတွင် “လျှပ်စစ်ဓာတ်အား လိုအပ်ချက် အတွက် မိမိတို့အနေဖြင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်မှ ထုတ်ယူသုံးစွဲမှုကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ မိတ္ထီလာသည် မိုးရွာရက်နည်းသည့် ဒေသဖြစ်သဖြင့် နေရောင်ခြည်စွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်ယူ သုံးစွဲမှုကို အောင်မြင်စွာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှ ဆောင်ရွက်သည့် စီမံကိန်းများရှိသကဲ့သို့ လုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့လုပ်ငန်းလိုအပ်ချက်များအလိုက် ဆိုလာစီမံကိန်းများကို ဆောင်ရွက်နိုင်ကြောင်း၊ လျှပ်စစ်ဓာတ်အားဖြန့်ဝေပေးနိုင်မှုနှင့် ပတ်သက် ၍ အကြမ်းဖက်သမားများ၏ ဖျက်ဆီးမှုများ၊ အချို့စက်ရုံများအနေဖြင့် စွမ်းအားပြည့်လည်ပတ်နိုင်မှုမရှိခြင်းများ၊ ဓာတ်ငွေ့လိုအပ်ချက် မပြည့် မီမှုများကြောင့် အခက်အခဲများရှိကြောင်း” ထည့်သွင်းပြောကြားခဲ့သည်။ ထို့အပြင် နိုင်ငံတော်က အကောင်အထည်ဖော်နေသည့် ရေအားလျှပ်စစ် စီမံကိန်းများကို ကန့်ကွက်မှုများလည်းရှိနေရာ အမြန်ဆုံးအကောင် အထည်ဖော်၍ရသည့် ဆိုလာစနစ်ကို နိုင်ငံတော်က အားပေးဆောင်ရွက် နေပြီး လုပ်ငန်းရှင်များကလည်း တစ်နိုင်တစ်ပိုင် ဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းခဲ့သည်။

နေရောင်ခြည်စွမ်းအင်သည် ကမ္ဘာပေါ်တွင် အပေါများဆုံးစွမ်းအင် များထဲတွင်ပါဝင်သကဲ့သို့ မိမိတို့နိုင်ငံ၏ရာသီဥတုနှင့်လည်း ကိုက်ညီ သည်။ အထူးသဖြင့် မိုးနည်းရပ်ဝန်းဖြစ်သော မြန်မာနိုင်ငံအလယ်ပိုင်း ဒေသများမှာ လူနေအိမ်များနှင့် စက်မှုလက်မှုလုပ်ငန်းများအတွက် နေစွမ်းအင်မှရရှိသော လျှပ်စစ်အပူ၊ အလင်းတို့ကို ကောင်းစွာထုတ်ယူ သုံးစွဲနိုင်သည်။ နေစွမ်းအင်မှ တစ်နိုင်တစ်ပိုင် ဓာတ်အားထုတ်လုပ်ရာတွင် ကနဦးရင်းနှီးမြှုပ်နှံမှုအတွက် တစ်လုံးတစ်ခဲတည်းကုန်ကျမှုရှိရာ အချို့ အခက်အခဲရှိနိုင်သည်။ ယင်းအတွက် အရစ်ကျစနစ်၊ ဘဏ်ချေးငွေ စနစ်တို့ဖြင့် တစ်နည်းနည်းဆောင်ရွက်မည်ဆိုပါက ရေရှည်တွင် ဓာတ်အားခကုန်ကျငွေကို ပြန်ထေမိပြီး အရင်းကျေသွားမည်ဖြစ်သည့် အပြင် ကုန်ကျစရိတ်သက်သာစေမည်ဖြစ်သည်။ နိုင်ငံအချို့တွင် တစ်နိုင် တစ်ပိုင်ထုတ်လုပ်သည့် နေစွမ်းအင်လျှပ်စစ်မှ ပိုလျှံသည်များကို ပြန်လည် ရောင်းချပြီး ဝင်ငွေရရှိကြကြောင်း သတင်းများတွင်တွေ့ရှိရာ တစ်နိုင် တစ်ပိုင် နေစွမ်းအင်သုံးဓာတ်အားထုတ်လုပ်မှုမှ ကိုယ်ပိုင်သုံးစွဲနိုင်သည့် အပြင် ဝင်ငွေပါရရှိနိုင်ခြင်းဖြစ်သည်ကို တွေ့ရသည်။

မြန်မာနိုင်ငံသည် ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အား ရာနှုန်းပြည့်သုံးစွဲရရှိရေးအတွက် စွမ်းအင်အရင်းအမြစ်အမျိုးမျိုးမှ ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးနိုင်ရန် ဆောင်ရွက်လျက်ရှိရာ လက်ရှိအခြေ အနေများအရ အခက်အခဲများစွာ ရန်းကန်ကျော်ဖြတ်ကြရမည်ဖြစ်သည်။ နေရောင်ခြည်စွမ်းအင်ကို မိမိတို့လိုအပ်ချက်နှင့်အညီ ရင်းနှီးမြှုပ်နှံ ထုတ်လုပ်သုံးစွဲခြင်းဖြင့် စီးပွားရေး၊ လူမှုရေးကဏ္ဍတို့ အရှိန်အဟုန်မပြတ် လည်ပတ်၍ ဖွံ့ဖြိုးတိုးတက်နိုင်ကြပါမည့်အကြောင်း။ ။

## စာပေအနုသုခုမလက်ရာများနှင့်သက်ဆိုင်သည့် ပစ္စည်းများလှူဒါန်းနိုင်ပါကြောင်း

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ၏ တစ်ခုတည်းသော စာပေလောက၏ဂုဏ်ကို ညွှန်းဆိုနိုင်မည့် စာဆိုဗိမာန်တစ်ခု အောင်မြင်စွာပေါ်ပေါက်ဖြစ်ထွန်းလာစေရေးအတွက် စာဆိုဗိမာန် သုံးထပ်(RC) အဆောက်အအုံတည်ဆောက်လျက်ရှိရာ မကြာခင် ကာလတွင် ပြီးစီးမည်ဖြစ်သဖြင့် ယင်းအဆောက်အအုံတွင် ခေတ်ကာလအဆက်ဆက် စာဆိုတော်ကြီးတို့၏ စာပေအနုသုခုမ လက်ရာများနှင့် ဒြပ်ရှိ၊ ဒြပ်မဲ့ အသုံးအဆောင်ပစ္စည်းများ ခင်းကျင်း ပြသနိုင်ရေး လျာထားဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ မြန်မာစာပေသမိုင်းတစ်လျှောက် ခေတ်အဆက်ဆက် အသုံးပြုခဲ့သော ပေ၊ ပုရပိုက်များနှင့်ဆက်စပ်ပစ္စည်းများ၊ ထင်ရှား ကျော်ကြားခဲ့သော စာဆိုတော်ကြီးများနှင့် စာရေးဆရာကြီးတို့၏ ရုပ်တု၊ ဓာတ်ပုံ၊ လက်ရေးမူ၊ အတ္ထုပ္ပတ္တိ၊ ရေးသားခဲ့ကြသည့် စာအုပ် စာစောင်များနှင့် ဆုရရှိခဲ့ကြသည့် စာအုပ်စာစောင်များ၊ ခေတ်ကာလ အလိုက် ချီးမြှင့်ပေးခဲ့ကြသည့် စာပေနှင့်သက်ဆိုင်သည့် ဘွဲ့၊ ဆုတံဆိပ် များ၊ စာပေဆုပေးပွဲများ၏ သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ၊ စာပေ ဖွံ့ဖြိုးရေးဆောင်ရွက်ခဲ့မှု သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ မိမိတို့ စုဆောင်းသိမ်းဆည်းထားသော စာပေဆိုင်ရာ အမွေအနှစ်ရှေးဟောင်း ပစ္စည်းတို့ကို အောက်ဖော်ပြပါ လိပ်စာများသို့ ဆက်သွယ်လှူဒါန်း နိုင်ပါသည်-

(၁) စာကြည့်တိုက်မှူး
စာပေဗိမာန်ပြည်သူ့စာကြည့်တိုက် (ရန်ကုန်)
အမှတ် (၅၂၉/၅၃၁)၊ ကုန်သည်လမ်းနှင့် ၃၇ လမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း၊ ၀၁၈-၃၈၁၄၄၇

(၂) စာကြည့်တိုက်မှူး
စာပေဗိမာန်ပြည်သူ့စာကြည့်တိုက် (မန္တလေး)
အမှတ် (၁၅၉)၊ ၈၆ လမ်း၊ ၂၀ x ၂၂ လမ်းကြား၊
ပုလဲငွေရောင်ရပ်ကွက်၊
အောင်မြေသာဇံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊
ဖုန်း၊ ၀၉-၇၉၅၂၇၉၀၂၅

(၃) စာတည်း
စာပေဗိမာန်ရုံးခွဲ၊ နေပြည်တော်ရုံးချုပ်
ရုံးအမှတ် (၇)၊ နေပြည်တော်၊ ဖုန်း၊ ၀၆၇-၃၄၁၂၄၁၀

မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | စိုးစိုးနိုင် | သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းမှူး | - | မြင့်စိုး | အကြီးတန်း | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| စာတည်းများ | - | ဝင်းကျော်၊ နေဇာဇာထွန်း | သတင်းထောက်များ | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | | |
| စာပြင် | - | ဇော်မင်းသန်းနှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့ | အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၀၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

○ ရွှေဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် ဆရာတော်ကြီးအား ဖူးမြော်ကြည်ညို၍ ဆရာတော်ကြီးအား ကျန်းမာရေး စစ်ဆေးပေးထားမှုများနှင့် လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးထားသည့် အခြေအနေများကို ကြည့်ရှုမေးမြန်းရာ တာဝန်ရှိသူများက ဆရာတော်ကြီး၏ကျန်းမာရေးအခြေအနေများကို ရှင်းလင်းတင်ပြသည်။ တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆရာတော်ကြီး၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြေအနေများကို မပြတ်စောင့်ကြည့်၍ လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် အခြားလိုအပ်သည်များကို အလေးထားမှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများ၊ ဆေးပစ္စည်းများ၊ အာဟာရဖြည့် ငှက်သိုက်နှင့် စားသောက်ဖွယ်ရာများ၊ နဝကမ္မ အလှူတော်ငွေများကို ဆက်ကပ်လှူဒါန်းပြီး ဖူးမြော်ကြည်ညိုခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများ၊ ဆေးပစ္စည်းများ၊ အာဟာရဖြည့်ငှက်သိုက်နှင့် စားသောက်ဖွယ်ရာများ၊ နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းစဉ်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၁၂

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့၌ ကျရောက်ခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံအကြီးအကဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေတို့ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြပါသည်။

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ နေဒီယာ လာဘာဝီ ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အယ်လ်ဂျီးရီးယားအစိုးရနှင့် မိမိအနေဖြင့် အဆွေတော်အား လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ အဆွေတော် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်းနှင့် ရင်းနှီးဖော်ရွေသော မြန်မာပြည်သူများ အစဉ်တိုးတက်သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အခွင့်အခါကြုံခိုက် နှစ်နိုင်ငံ ဘုံအကျိုးစီးပွားအတွက် အယ်လ်ဂျီးရီးယားနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ရှိရင်းစွဲ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုကျယ်ပြန့်သော နယ်ပယ်ကဏ္ဍစုံတွင် မြှင့်တင်ဆောင်ရွက်နိုင်ရန် မိမိတို့အနေဖြင့် ယုံကြည်မျှော်လင့်လျက်ရှိကြောင်း ပြောကြားလိုပါသည်။

### ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထံသို့ အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေး၊ ပြည်ပရောက်နိုင်ငံသားများနှင့် အာဖရိကရေးရာဝန်ကြီးဌာနဝန်ကြီး မစ္စတာ အာမက် အက်တက်ဖ် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ အဆွေတော် ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေကြောင်းနှင့် မြန်မာနိုင်ငံ ဆက်လက်ဖွံ့ဖြိုးတိုးတက်သာယာဝပြောပါစေကြောင်း ဆန္ဒပြုပါသည်။

မြန်မာနှင့် အယ်လ်ဂျီးရီးယား နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ခိုင်မာအားကောင်းစေရန်၊ နှစ်နိုင်ငံ ဘုံအကျိုးစီးပွားအတွက် ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များ၌ ဆွေးနွေးညှိနှိုင်းတိုင်ပင်မှု အစဉ်အလာကောင်းများ ပိုမိုမြှင့်တင်နိုင်ရန် မိမိအနေဖြင့် စိတ်အားထက်သန်လျက်ရှိကြောင်း ထပ်လောင်းပြောကြားလိုပါသည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်မြို့နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသထုတ်ကုန်များတိုးမြှင့်ထုတ်လုပ်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

# MSME ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရန်အတွက် နည်းပညာ၊ ထုတ်လုပ်သည့် စက်ပစ္စည်းများနှင့် ကျွမ်းကျင်သည့် လူသားအရင်းအမြစ်များလိုအပ်

- ပြင်ဦးလွင်မြို့မှ ထွက်ရှိသည့်ကော်ဖီသည်လည်း အရည်အသွေးကောင်းမွန်ပြီး ဈေးကွက်တစ်ခုရရှိထားပြီးဖြစ်
- ပြင်ဦးလွင်မြို့တွင်ရှိပြီးဖြစ်သည့် အခြေခံစိုက်ပျိုးရေးထွက်ကုန်များကို အသုံးပြု၍ စားသောက်ကုန်ပစ္စည်းများကို အရည်အသွေးပြည့်မီစွာဖြင့် ထုတ်လုပ်

**နေပြည်တော် ဇန်နဝါရီ ၁၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိအသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များအား ပြင်ဦးလွင်မြို့ မြို့တော်ခန်းမ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေးဆိုင်ရာများကို ဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မိုးအောင်၊ ဦးခင်မောင်ရီ၊ ဒေါက်တာ ချာလီသန်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြင်ဦးလွင်ခရိုင်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြင်ဦးလွင်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

**ဒေသဆိုင်ရာအချက်အလက်များနှင့် လိုအပ်ချက်များအား အသီးသီးဆွေးနွေးတင်ပြ**

ဦးစွာ ပြင်ဦးလွင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်ဦးက ဒေသဆိုင်ရာ အချက်အလက်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ အချက်အလက်များ၊ ခရိုင်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် လုပ်ငန်းများအောင်မြင်မှုရှိစေရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်အကြီးအကဲ၏ ၂၀၂၄ ခုနှစ်အတွင်း ပြင်ဦးလွင်ဒေသသို့ရောက်ရှိစဉ် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းညွှန်မှာကြားချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ ပြင်ဦးလွင်ခရိုင် ဖွံ့ဖြိုးတိုးတက်ရေး၊ ခရိုင်အတွင်း MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ဒေသခံပြည်သူလူထုတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆက်လက်ဆောင်ရွက်လျက်ရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များက လုပ်ငန်းများအလိုက် လုပ်ငန်းဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ တွေ့ကြုံနေရသည့် လုပ်ငန်းခွင်အခက်အခဲများနှင့် လုပ်ငန်းလိုအပ်ချက်များ၊ ကော်ဖီလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ထုတ်လုပ်မှုကုန်ကျစရိတ်များ လျော့ကျစေရေးအတွက် နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးစေလိုမှုနှင့် အခြားလိုအပ်ချက်များကို ဆွေးနွေးတင်ပြကြသည်။

**တင်ပြချက်များအပေါ် ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးပြောကြား**

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးများက လုပ်ငန်းများဆောင်ရွက်ရာ၌ လျှပ်စစ်မီးလိုအပ်ချက်အပေါ် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ နို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်ရာတွင် လိုအပ်ချက်များအား သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ လာမည့်ပြည်ထောင်စုနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းထုတ်ကုန်ပြပွဲကို နေပြည်တော်၌ ပြည်ထောင်စုအဆင့် ဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ နိုင်ငံတော်အစိုးရအနေဖြင့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးလျက်ရှိမှုနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အားပေးဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးမြေလျှောက်ထားမှုနှင့်ပတ်သက်၍ သတ်မှတ်စည်းမျဉ်းစည်းကမ်းများ၊ မူဝါဒများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိမှု၊ ကော်ဖီစိုက်ပျိုးခြင်းသည် အရိပ်ရအပင်များကိုပါ ထည့်သွင်းစိုက်ပျိုးရသည် ဖြစ်သဖြင့် Green Economy ကို ဖော်ဆောင်နေခြင်းပင်ဖြစ်သဖြင့် သတ်မှတ်ချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်သွားကြရန် လိုအပ်သည့်အခြေအနေများ၊ ပြင်ဦးလွင်ခရိုင်အနေဖြင့် သစ်တောဖုံးလွှမ်းမှုရာခိုင်နှုန်းရှိသဖြင့် ၁၈ ဒသမ ၈၇ ရာခိုင်နှုန်းရှိပြီး စိမ်းလန်းစိုပြည်သည့် နဂိုရှိရင်းစွဲအရင်းအမြစ် အလှအပများ မပျောက်ပျက်အောင် ထိန်းသိမ်းဆောင်ရွက်သွားရန် လိုအပ်သည့်အခြေအနေများနှင့် သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီး ပြန်လည်ဆွေးနွေးပြောကြားကြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြင်ဦးလွင်ခရိုင်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိမှု၊ ဒေသ၏လူမှုရေးနှင့် စီးပွားရေးကောင်းမွန်စေရေး အလေးထား ဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

**ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး လိုအပ်သည်များ ဆွေးနွေးမှာကြား**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တင်ပြမှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားရာတွင် ပြင်ဦးလွင်ခရိုင်အတွင်း အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းစေရေးအတွက် လိုအပ်သည်များကိုအကြံပြုတိုက်တွန်းဆွေးနွေးနိုင်ရန် လာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း၊ ဒေသအလိုက်ထုတ်ကုန်များသည် အရည်အသွေးပိုင်းကောင်းမွန်သည်ဖြစ်သော်လည်း အချို့သောထုတ်ကုန်များသည် ထုပ်ပိုးမှုအပိုင်း၌ အဆင့်မီမီဖြစ်ရန် လိုအပ်နေဆဲဖြစ်ကြောင်း။

MSME လုပ်ငန်းများနှင့်ပတ်သက်၍ အဓိကအားဖြင့် မူဝါဒများချမှတ်ထားပြီး ကုန်ပစ္စည်းတစ်ခုထုတ်လုပ်ရန်အတွက် ကုန်ကြမ်းပစ္စည်းများ လိုအပ်ချက်မှာ အဓိက အရေးကြီးလိုအပ်ချက်ဖြစ်သဖြင့် ဒေသတွင်းကုန်ကြမ်းများ လုံလောက်စွာထွက်ရှိအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ပြင်ဦးလွင်ဒေသအနေဖြင့် ဒေသမှထွက်ရှိသည့် နို့နှင့် နို့ထွက်ပစ္စည်းများ၊ ဂျုံထွက်ပစ္စည်းများ၊ အသီးအနှံများမှ ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်လျက်ရှိကြောင်း၊ ဈေးကွက်လေ့လာဆန်းစစ်ချက်အရ လူအများကြိုက်နှစ်သက်သည့်ပစ္စည်းများကို အရေအတွက်များများဖြင့် အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း။

**စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး**

MSME ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကုန်ကြမ်း၊ နည်းပညာ၊ သွင်းအားစုနှင့် ရင်းနှီးစိုက်ထုတ်ငွေများလိုအပ်ပြီး ကုန်ကြမ်းများ လုံလုံလောက်လောက်ရရှိနေရန် လိုကြောင်း၊ ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်ရာတွင် အကျိုးဖြစ်ထွန်းမှုရှိရန်လိုပြီး မိမိတို့နိုင်ငံ၏ MSME ကုန်ထုတ်လုပ်ငန်းတွင် ၆၅ ရာခိုင်နှုန်းခန့်သည် စားသောက်ကုန်ထုတ်လုပ်ခြင်းလုပ်ငန်းများဖြစ်ကြောင်း၊ အခြားလူသုံးကုန်ပစ္စည်းထုတ်လုပ်မှု၊ စက်ပစ္စည်းထုတ်လုပ်မှုနှင့် အခြားကုန်ထုတ်လုပ်မှု လုပ်ငန်းများသည် ရာခိုင်နှုန်းအားဖြင့် နည်းပါးနေဆဲဖြစ်သည်ကို တွေ့မြင်ရကြောင်း၊ စားသောက်ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အဓိကအားဖြင့် ဆောင်ရွက်မည်ဆိုပါကလည်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်နိုင်မှသာ ကုန်ကြမ်းများ လုံလောက်စွာရရှိမည်ဖြစ်ကြောင်း။

ကုန်ထုတ်လုပ်ငန်းများအတွက် လိုအပ်သည့် လျှပ်စစ်မီးလိုအပ်ချက်များနှင့် ပတ်သက်၍လည်း နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများကို တစ်ပိုင်တစ်နိုင်ဆောင်ရွက်နိုင်ကြောင်း၊ နိုင်ငံတော်မှလည်း နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ အနေဖြင့် စွမ်းအားပြည့်ထုတ်လုပ်နိုင်မှုမရှိခြင်း၊ အကြမ်းဖက် သမားများက လျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် တာဝါတိုင်များအား ဖျက်ဆီးခြင်း၊ ဓာတ်ငွေ့များ လုံလောက်စွာရရှိမှု မရှိခြင်းတို့ကြောင့် နိုင်ငံတော်အနေဖြင့် လျှပ်စစ်ဓာတ်အားပြည့်ဝစွာ ဖြန့်ဖြူးပေးရန်အတွက် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့ပြင် နိုင်ငံတော်မှရည်မှန်းချက်ထား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းများမှာလည်း ကန့်ကွက်မှုများနှင့် အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်မှု ရပ်တန့်သွားရခြင်းများလည်းရှိကြောင်း၊ ၂၀၀၅ ခုနှစ်ကစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်ခြင်းစီမံကိန်းများ အောင်မြင်ခဲ့မည်ဆိုပါက ယခုအချိန်တွင် မိမိတို့နိုင်ငံအနေဖြင့် လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိနေမည်ဖြစ်ကြောင်း၊ သို့သော်လျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်ခြင်း စီမံကိန်းများအား နည်းလမ်းအမျိုးမျိုးဖြင့် အနှောင့်အယှက်ပေးခဲ့မှုများကြောင့် စီမံကိန်းများ ရပ်တန့်ခဲ့ရခြင်းဖြစ်ကြောင်း၊ မိမိတို့တာဝန်ယူချိန်တွင် လျှပ်စစ်နှင့်ပတ်သက်၍ အခက်အခဲများရှိသဖြင့် အချိန်တိုအတွင်း အောင်မြင်ပြီးမြောက်နိုင်သည့် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း စီမံကိန်းများကို အားပေးဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါစီမံကိန်းများ အောင်မြင်ပြီးစီးပါက လျှပ်စစ်မီးများ လုံလောက်စွာရရှိလာနိုင်မည်ဖြစ်ကြောင်း။

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

သွင်းအားစုတွင်ပါဝင်သည့် စက်သုံးဆီများကိုလည်း နိုင်ငံတော်အနေဖြင့် နှစ်စဉ်ပြည်ပမှ တင်သွင်းနေရသဖြင့် နိုင်ငံခြားငွေများစွာသုံးစွဲနေရကြောင်း၊ ပြည်တွင်းမှ ထုတ်လုပ်သည့် စားသောက်ကုန်များ၊ လူသုံးကုန်များနှင့် အဝတ်အထည်များကို အသုံးပြုပြီး ပြည်တွင်းဖြစ်ကို အားပေးခြင်းဖြင့် နိုင်ငံခြားငွေသုံးစွဲမှုများကို လျှော့ချနိုင်မည်၊ နိုင်ငံ့စီးပွားတိုးတက်ရေးကိုများစွာအထောက်အကူပြုစေနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်တွင်းဖြစ်ကို အားပေး၍ နိုင်ငံ့စီးပွားရေးကို ထိန်းသိမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

**စိုက်ပျိုးမြေအသုံးချမှုများ စနစ်တကျဖြစ်ရန်နှင့် အကျိုးရှိရှိအသုံးချနိုင်ရန်လို**

စိုက်ပျိုးမြေများအပေါ်တွင် စိုက်ပျိုးရေးနှင့် မသက်ဆိုင်သည့်လုပ်ငန်းများ ဆောင်ရွက်ခြင်း မပြုရန်လိုပြီး စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ အချို့စိုက်ပျိုးမြေရယူထားသူများအနေဖြင့် စိုက်ပျိုးမြေများပေါ်တွင် သတ်မှတ်ချက်ထက်ကျော်လွန်သည့် အိမ်ရာများ ဆောက်လုပ်ခြင်းနှင့် အဆောက်အဦဆောက်လုပ်ရန်အတွက် ခြံကွက်များပြုလုပ်ထားသည်ကို တွေ့ရှိရကြောင်း၊ စိုက်ပျိုးမြေများအား အခြားနည်းများဖြင့် အသုံးပြုရာတွင် ဥပဒေစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အဆင့်ဆင့်တင်ပြ၍ ခွင့်ပြုချက်ရယူဆောင်ရွက်ရန်လိုကြောင်း၊ မြေအသုံးချမှုများ စည်းကမ်းတကျဖြစ်စေရေး တာဝန်ရှိသူများအနေဖြင့် စနစ်တကျဖြင့် ကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စိုက်ပျိုးရေး သီးနှံများအထွက်နှုန်း ကောင်းမွန်စေရန်အတွက် မျိုး၊ မြေ၊ ရေ၊ နည်း စသည့် စိုက်ပျိုးရေးအခြေခံနည်းလမ်းလေးသွယ်ကို စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း၊ ပြင်ဦးလွင်မြို့သည် အအေးပိုင်းဒေသဖြစ်သဖြင့် ဂျုံသီးနှံများစိုက်ပျိုးမည်ဆိုပါက ဖြစ်ထွန်းအောင်မြင်နိုင်မည်ဖြစ်ကြောင်း။

MSME ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရန်အတွက် နည်းပညာ၊ ထုတ်လုပ်သည့်စက်ပစ္စည်းများနှင့် ကျွမ်းကျင်သည့် လူသားအရင်းအမြစ်များ လိုအပ်ကြောင်း၊ နို့ထွက်ပစ္စည်းထုတ်လုပ်မှုနှင့် ပတ်သက်၍ ပြင်ဦးလွင်မြို့မှထွက်ရှိသည့် နို့ထွက်ပစ္စည်းများသည် အဆင့်အတန်းတစ်ခုတွင် ရှိသည်ကို တွေ့ရှိရသဖြင့် လက်ရှိထုတ်လုပ်နေသည့် ထုတ်ကုန်များအပြင် အခြားနို့ထွက်ပစ္စည်း စားသောက်ကုန်အမယ်သစ်များကို ဆက်လက်ထုတ်လုပ်သွားမည်ဆိုပါက ယခုထက် ပိုမိုအောင်မြင်တိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ စားသောက်ကုန်လုပ်ငန်းတွင်ပါဝင်သည့် ဝိုင်ထုတ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရာတွင်လည်း အဆင့်မြင့်ဝိုင် ထုတ်လုပ်ခြင်းများကို ဆောင်ရွက်သွားမည်ဆိုပါက ဈေးကွက်ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့မှ ထွက်ရှိသည့် ကော်ဖီသည်လည်း အရည်အသွေး ကောင်းမွန်ပြီး ဈေးကွက်တစ်ခုရရှိထားပြီးဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့တွင် ရှိပြီးဖြစ်သည့် အခြေခံစိုက်ပျိုးရေးထွက်ကုန်များကို အသုံးပြု၍ စားသောက်ကုန်ပစ္စည်းများကို အရည်အသွေးပြည့်မီစွာဖြင့် ထုတ်လုပ်သွားရန်လိုကြောင်း၊ အလားတူ ပြင်ဦးလွင်မြို့တွင် မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက်လည်း အခြေခံကောင်းများ ရှိပြီးဖြစ်သည့်အတွက် မွေးမြူရေးလုပ်ငန်းများအောင်မြင်တိုးတက်အောင် ဆောင်ရွက်ပြီး အေးခဲအသားထုတ်လုပ်မှုများ ထုတ်လုပ်နိုင်သည့်အထိ ဆောင်ရွက်ရန်လိုကြောင်း။

ပြင်ဦးလွင်မြို့သည် ချယ်ရီမြို့တော်၊ ပန်းမြို့တော်ဟု ဂုဏ်သတင်းကျော်ကြားသည့် အပန်းဖြေမြို့တော်တစ်ခုဖြစ်ကြောင်း၊ အေးချမ်းသာယာသည့် မြို့တစ်မြို့ဖြစ်သဖြင့် ပညာသင်ကြားရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် မူဝါဒချမှတ်ထားပြီး ပညာရေးမြို့တော်၊ ကျန်းမာရေးမြို့တော်အဖြစ်လည်း ဂုဏ်သတင်းကျော်ကြားအောင် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြို့သာယာလှပတိုးတက်ရေးအတွက် မိမိတို့အနေဖြင့် လိုအပ်သည်များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသခံများအနေဖြင့်လည်း အပန်းဖြေလာရောက်သူများအနေဖြင့် စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာဖြင့် သာယာလှပသည့် မြို့၏အလှအပကို ခံစားလည်ပတ်နိုင်ရေး စည်းကမ်းစနစ်တကျဖြင့် ဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မြို့တွင်နေထိုင်သူများက စနစ်တကျအမှိုက်စွန့်ပစ်ခြင်းများ ဆောင်ရွက်မည်ဆိုပါက Clean City ဖြစ်လာမည်ဖြစ်ပြီး သစ်ပင်ပန်းမန်များ စိုက်ပျိုးမည်ဆိုပါက Green City ဖြစ်လာမည်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့်လည်း ဦးဆောင်မှုပေး၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့အနေဖြင့် တိုင်းပြည်ကောင်းအောင် ဆောင်ရွက်နေခြင်းဖြစ်သဖြင့် အားလုံးက ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

**ဒေသထွက်စားသောက်ကုန်များအား ကြည့်ရှုအားပေး**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ကော်ဖီလုပ်ငန်းရှင်များနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ပြီး ခင်းကျင်းပြသထားသည့် ဒေသထွက် ကော်ဖီထုတ်ကုန်များနှင့် ဒေသထွက် စားသောက်ကုန်ပစ္စည်းများကို စိတ်ဝင်တစားဖြင့် လေ့လာခဲ့ပြီး ဈေးကွက်ရရှိမှုအခြေအနေများကို မေးမြန်းဆွေးနွေးရာ လုပ်ငန်းအလိုက် တာဝန်ရှိသူများက ပြခန်းများအလိုက် လိုက်လံရှင်းလင်းတင်ပြခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် အမျိုးသားကန်တော်ကြီးဥယျာဉ်သို့ ရောက်ရှိကြပြီး အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ်(၁၀၀) ပြည့်အထိမ်းအမှတ်(၁၇)ကြိမ်မြောက် ပန်းပွဲတော်အား စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပပြုလုပ်ထားရှိမှုများအား ကြည့်ရှုအားပေးပြီး အပန်းဖြေလာရောက်ကြသည့် ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဥယျာဉ်အတွင်းရှိ နှစ် ၁၀၀ နီးပါး သက်တမ်းရှိသော ဂင်ဂိုပင် (Ginkgo Biloba) (ကမ္ဘာဦးပင်) အား ကြည့်ရှုပြီး စနစ်တကျထိန်းသိမ်းဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားသည်။ အဆိုပါ ဂင်ဂိုပင် (Ginkgo Biloba)သည် တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံနှင့်အနောက်နိုင်ငံများတွင် ထင်ရှားကျော်ကြားသည့် အပင်မျိုးစိတ်တစ်ခုဖြစ်ကြောင်း၊ တရုတ်နိုင်ငံအတွင်းရှိ ပြည်နယ်အများအပြား၌ ဆောင်းဦးရာသီတွင် အဝါရောင်အရွက်များဖုံးလွှမ်းလျက်ရှိသည့် ဂင်ဂိုပင်များကို တွေ့ရှိရနိုင်ပြီး အချို့အပင်များသည် နှစ်ပေါင်းထောင်ချီသက်တမ်းရှိပြီဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်အဖြစ် ချယ်ရီပင်အား စိုက်ပျိုးပေးပြီး ကန်တော်ကြီးဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုကာ ကန်တော်ကြီးအတွင်း မွေးမြူထားသည့် ငါးများနှင့် ဘဲငန်းများအား အစာကျွေးမွေးခဲ့သည်။

ယင်းနောက် ဥယျာဉ်ရှင်းလင်းဆောင်၌ ဥယျာဉ်တာဝန်ခံကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ် ဦးရာဇာထွေးက အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် (၁၇) ကြိမ်မြောက် ပန်းပွဲတော်အား စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပခဲ့မှုနှင့် ဥယျာဉ်ရေရှည်တည်တံ့ခိုင်မြဲစေရေး ဆောင်ရွက်လျက်ရှိမှု၊ ဥယျာဉ်ခြံစည်းရိုးအသစ် တည်ဆောက်ရန်လျာထားဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်(၁၇) ကြိမ်မြောက် ပန်းပွဲတော်မှတ်တမ်းဓာတ်ပုံများအား စနစ်တကျထိန်းသိမ်းထားရှိ၍ ပြခန်းပြသထားရှိရန်၊ ဥယျာဉ်အတွင်း အမြဲစိမ်းလန်းစိုပြည်ရန်နှင့် သန့်ရှင်းသာယာလှပမှုရှိစေရန်၊ ကန်တော်ကြီးအတွင်း ရေဝင်ရေထွက်များ ရှိစေရေး အမြဲထိန်းသိမ်းဆောင်ရွက်လျက်ရှိရန်နှင့် အခြားလိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ ဥယျာဉ်တာဝန်ခံကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ်က အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ်(၁၀၀) ပြည့် အထိမ်းအမှတ် လက်ဆောင်အား ဂါရဝပြုပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်းရှိ နှစ် ၁၀၀ နီးပါး သက်တမ်းရှိသော ဂင်ဂိုပင် (Ginkgo Biloba) (ကမ္ဘာဦးပင်) အား ကြည့်ရှုပြီး စနစ်တကျထိန်းသိမ်းဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားစဉ်။

မြန်မာ့အလင်း

တနင်္ဂနွေ၊ ဇန်နဝါရီ ၁၂၊ ၂၀၂၅

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ကချင်ပြည်နယ် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအခမ်းအနားသို့ တက်ရောက်

**မြစ်ကြီးနား ဇန်နဝါရီ ၁၁**

(၇၇)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ် ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော ကချင်ပြည်နယ် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် မြစ်ကြီးနားတက္ကသိုလ် ဘွဲ့နှင်းသဘင် ခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမောင်မောင်အုန်း၊ ဦးမင်းနောင်၊ ဦးလှမိုး၊ ဦးညဏ်ထွန်း၊ Jeng Phang နော်တောင်၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဇော်ထွေး၊ ဒုတိယဝန်ကြီး ဒေါ်နုမြဖံ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမောင်မောင်အုန်းနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်တို့က စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် လေ့ကျင့်ရေး အလယ်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက “ပညာဘဏ်တိုက် စာကြည့်တိုက်သို့ သွားကြစို့” တေးသီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် ယခုလို စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များကို ဆောင်ရွက်ပေးခြင်းဖြင့် အနာဂတ်မျိုးဆက်သစ်လူငယ်များအနေဖြင့် လူမှုရေး၊ ယဉ်ကျေးမှု၊ ဥပဒေနှင့် နည်းပညာဆိုင်ရာ အကြောင်းအရာများကို တစ်နေရာတည်းတွင် တွေ့မြင်နိုင်ကြမည်ဖြစ်ပြီး စာအုပ်စာစောင်များကို လေ့လာဖတ်ရှုခြင်းဖြင့် ကမ္ဘာ့နိုင်ငံရေး၊ စီးပွားရေး အကြောင်းအရာများအပြင် နိုင်ငံတကာဆက်ဆံရေး၊ နည်းပညာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကြောင်းအရာများကိုလည်း သိရှိနိုင်ကြမည် ဖြစ်ကြောင်း ပြောကြားသည်။







ဆက်လက်၍ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ကချင်ပြည်နယ်ဝန်ကြီးချုပ်တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ငွေကျပ်သိန်း ၂၀ နှင့်မြစ်ကြီးနားတက္ကသိုလ် စာကြည့်တိုက်နှင့် အခြေခံပညာကျောင်းစာကြည့်တိုက်များအတွက် သုတ၊ ရသ၊ စာစောင်များကို သက်ဆိုင်ရာ တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် မြစ်ကြီးနား တက္ကသိုလ်ကျောင်းသားကျောင်းသူများက “ပန်းတိုင်းပွင့်စေ” သီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမဆောင်အတွင်း ခင်းကျင်းပြသထားသည့် မြစ်ကြီးနားတက္ကသိုလ် ဘာသာရပ်ဆိုင်ရာ ပညာရေးပြခန်းများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသော စာအုပ်စာစောင်များ၊ ဓာတ်ပုံပြခန်းများနှင့် အခြေခံပညာအဆင့် ပန်းချီ၊ ဆေးရောင်ခြယ်၊ ပုံပြော၊ ကျပန်းစကားပြောပြိုင်ပွဲများနှင့် လူရွှယ်၊ လူငယ်များကာယ၊ ဉာဏစွမ်းရည် တိုးတက်စေရေးအတွက် စကားပုံဆက်၊ အရုပ်ဆက်ပြိုင်ပွဲများ အပါအဝင် ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲများ ပြုလုပ်ကျင်းပနေမှုများကို လှည့်လည်ကြည့်ရှု အားပေးကြပြီး ဆုရရှိခဲ့သော ကျောင်းသားကျောင်းသူများအား ပွဲတော်အမှတ်တရ လက်ဆောင်များ ပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် လေကြောင်းခရီးဖြင့် ပူတာအိုမြို့သို့ ရောက်ရှိကြပြီး ပူတာအိုမြို့ ဒုတ္တန်ရပ်ကွက်အတွင်းရှိ ရဝမ်အမျိုးသားဥယျာဉ်၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် ပူတာအိုဒေသ၌ ဆန်စပါးဖူလုံခြင်းအထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ပူတာအိုဒေသ ဆန်စပါးဖူလုံခြင်း အထိမ်းအမှတ်မုခ်ဦးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် ပူတာအိုဒေသ ဆန်စပါးဖူလုံခြင်း အထိမ်းအမှတ်အဖြစ် ရိုးရာမနောအကကို ရဝမ်ရိုးရာယဉ်ကျေးမှု အဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသား မျိုးနွယ်စုများဖြစ်ကြသည့် ရဝမ်၊ လီဆူ၊ တိုင်းခမ်းတီ၊ ဂျိမ်းဖော စသည့် ရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့်အတူ ဆင်နွှဲကြသည်။

ယင်းနောက် ပူတာအိုမြို့နယ် လုံးစွတ်ရပ်ကွက်အတွင်းရှိ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ၏ အကူအညီဖြင့် ဒေသတွင်း လည်ပတ်လျက်ရှိသည့် “ဆန်း” စိုက်ပျိုးရေးနှင့် အထွေထွေ လုပ်ငန်း သမဝါယမအသင်း လီမိတက်ပိုင် လျှပ်စစ်စွမ်းအင်သုံး ဆန်စက်လုပ်ငန်း လည်ပတ်နေမှုများကိုလည်းကောင်း၊ ပူတာအိုမြို့ ပန်းလှိုင်ရပ်ကွက်အတွင်းရှိ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် တိုးတက်ဖြစ်ထွန်းနေသော ဒေသခံ တောင်သူ၏ နေအိမ်ခြံဝင်းအတွင်း ဆောင်းသီးနှံ (ဟင်းသီးဟင်းရွက်ပင်များ) တစ်ပိုင်တစ်နိုင် စိုက်ပျိုးထားရှိမှုကို လည်းကောင်း လှည့်လည်ကြည့်ရှု အားပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ပူတာအိုမြို့နယ်အတွင်း ကျေးရွာအုပ်စုပေါင်း ၂၇ အုပ်စုကို ဆက်သွယ်ပေးထားပြီး ကုန်ထုတ်လမ်းတစ်ခုဖြစ်သည့် ပူတာအို – နမ်ရှယ်ကော့ – လယ်မယ်ဝါဂျီ– မန်စေ–မန်စေခွန်လမ်း ခင်းကျင်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် မန္တလေးတိုင်းဒေသကြီး ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးစည်းခုံစေတီတော် ပြုပြင်ထိန်းသိမ်းရေး ဘက်စုံလွှမ်းခြုံသောအစီအစဉ် (Master Plan) ရေးဆွဲနိုင်ရေး ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတက်ရောက်

ညောင်ဦး ဇန်နဝါရီ ၁၁

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ပုဂံညောင်ဦးမြို့ရှိ ရွှေစည်းခုံစေတီတော်ဂေါပကရုံး၌ ကျင်းပသည့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရွှေစည်းခုံစေတီတော်ပြုပြင်ထိန်းသိမ်းရေး ဆောင်ရွက်ရာတွင် ဘက်စုံလွှမ်းခြုံသောအစီအစဉ် (Master Plan)ရေးဆွဲနိုင်ရေး ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။**



အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဗိသုကာကောင်စီဥက္ကဋ္ဌ၊ မြန်မာသမိုင်းအဖွဲ့ပညာရှင်၊ အသိပညာရှင် အတတ်ပညာရှင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက တက်ရောက်လာကြသည့် ရှေးဟောင်းသုတေသနနှင့် အမျိုးသား ပြတိုက်ဦးစီးဌာန၊ မြန်မာနိုင်ငံ ဗိသုကာကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ ကောင်စီ၊ မြန်မာသမိုင်းအဖွဲ့စသည်တို့မှ ပညာရှင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ရွှေစည်းခုံစေတီတော် Master Plan (မူကြမ်း) ပေါ်ထွက်လာရေးအတွက် ဆွေးနွေးမှုများအရ ထပ်မံဖြည့်စွက်ရမည့်အချက်များ၊ ပြင်ဆင်ရမည့်အချက်များကို ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်းများဆောင်ရွက်ပြီး သတ်မှတ်ကာလအတွင်း ရေးဆွဲပြီးစီးနိုင်ရေး ဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံတိုက်တွန်းကြောင်းနှင့် ရေးဆွဲပြီးစီးပါက နိုင်ငံတော်အကြီးအကဲထံ အတည်ပြုချက်ရယူပြီး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်သဖြင့် မြန်မာနိုင်ငံ ဗိသုကာကောင်စီ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာ အသင်းနှင့် ဆက်စပ်ဌာနဆိုင်ရာများက ရွှေစည်းခုံစေတီတော် (Master Plan) ကို အကောင်းဆုံးဖြစ်အောင် ကူညီရေးဆွဲပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဘက်စုံလွှမ်းခြုံသော လုပ်ငန်းအစီအစဉ် (Master Plan) ရေးဆွဲလျက်ရှိသော အဖွဲ့များက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ပထမ မဟာရံတံတိုင်းအတွင်းရှိ အရံစေတီများ၊ နှောင်းခေတ်လက်ရာစေတီများ၊ ဗိမာန်၊ တန်ဆောင်း၊ သာသနိကအဆောက်အအုံများ၊ မဟာရံတံတိုင်းအတွင်း၊ အပြင်နှင့် စေတီတော် ပရိဝုဏ်မြောက်ဘက်ရှိ ဧရာဝတီမြစ်ဆိပ်အနီးဆင်းသည့် ရှေးဟောင်းအုတ်လှေကား၊ သရုပါတံခါးအနီး ကျုံးကူးတံတား (Box Culvert) ပြုလုပ်မည့် အစီအစဉ်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပုဂံမြို့ အထွေထွေအုပ်ချုပ်ရေး အစည်းအဝေးခန်းမ၌ ကျင်းပသည့် မန္တလေးတိုင်းဒေသကြီး ပုဂံ-ညောင်ဦးမြို့အတွင်းရှိ ဘုရားစေတီများတွင် (Pagoda Digital Directory) ဘုရားသမိုင်းနှင့် ဘုရားဖူးလမ်းညွှန်များ တပ်ဆင်မည့် အခြေအနေရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အထင်ကရဘုရား ၁၄ ဆူတွင် Touch Screen ဖြင့် ဘုရားသမိုင်းနှင့် ဘုရားဖူးလမ်းညွှန်များထားရှိပြီး Pagoda Digital Directory Portal ထဲတွင် ထည့်သွင်းနိုင်ရေး ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်ကိုလည်းကောင်း၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဦးစီးအရာရှိက ဘုရားသမိုင်းနှင့် ဘုရားဖူးလမ်းညွှန် Pagoda Digital Directory နှင့်ပတ်သက်၍ ဆောင်ရွက်ခဲ့သည့်လုပ်ငန်းစဉ်များနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြား၍ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အရည်အသွေးပြည့်ဝ၍ ဘေးအန္တရာယ်ကင်းရှင်းသော ရေထွက်ကုန်ပစ္စည်းများ တိုးတက်တင်ပို့နိုင်ရေးကြိုးပမ်း

**နေပြည်တော် ဇန်နဝါရီ ၁၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးသည် ဇန်နဝါရီ ၁၀ ရက်က ဈေးကွက်လိုအပ်ချက်အရ ဆော်ဒီအာရေဗျနိုင်ငံသို့ မွေးမြူရေး ရေထွက်ကုန်ပစ္စည်းများ တင်ပို့ခွင့်ရရှိရေးအတွက် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရှိ Two Rivers Company Limited သို့ရောက်ရှိပြီး ငါး၊ ပုဇွန် ပြုပြင်အေးခဲထုပ်ပိုးနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ခံက အရည်အသွေးမြင့် ငါး၊ ပုဇွန် ပြုပြင်အေးခဲ၍ SAUDI, CHINA, DUBAI, UAE,VIETNAM, OMAN, DOHA QATAR နိုင်ငံများသို့ တင်ပို့နေမှုနှင့် MSL Industries Co., Ltd. ဒိန်းမတ်နိုင်ငံမှ အဆင့်မြင့် အေးခဲခြင်း နည်းပညာဖြင့် SAUDI, CHINA, KOREA, MALAYSIA, INDIA နိုင်ငံများသို့ တင်ပို့နေမှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ အင်းစိန်မြို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိရစ္ဆာန်ဆေးကုသိပ္ပံသို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံ၍ စီးပွားဖြစ် မွေးမြူထုတ်လုပ်ရေး လုပ်ငန်းများနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များတွင် ခေါင်းဆောင်မှု အခန်းကဏ္ဍမှပါဝင်မည့် အရည်အချင်းပြည့်ဝသည့် တိရစ္ဆာန်ဆေးကု အလယ်အလတ် ပညာရှင်



များ ပေါ်ထွက်လာစေရေးအတွက် လေ့ကျင့်သင်ကြားပေးခြင်း ဖြစ်ကြောင်း၊ တိရစ္ဆာန်ကူးစက်ရောဂါများနှင့် တိရစ္ဆာန်မှ လူသို့ကူးစက်တတ်သော ရောဂါများ တားဆီးကာကွယ် ထိန်းချုပ်ရေးတို့နှင့် လက်တွေ့နယ်ပယ်တွင် ကြုံတွေ့လာနိုင်သည့် အတွေ့အကြုံကောင်းများကိုလည်း ဆက်လက်လေ့လာကြရန် မှာကြားပြီး အာဟာရ ဖြည့်စွက်စာများ ပေးအပ်သည်။

ထို့နောက် လှိုင်သာယာ စက်မှုဇုန်ရှိ Mega Marine Frozen Seafood Co.,Ltd.၊ Hlaing Htate Khaung Cold Store & Processing Plant နှင့် Shwe Myinn Company Limited အအေးခန်းစက်ရုံများသို့ ရောက်ရှိရာ ဒုတိယဝန်ကြီးက ထုတ်ကုန်များ၏ အရည်အသွေးနှင့် အာမခံချက်ပြည့်ဝသည့် ထုတ်ကုန်ဖြစ်စေရန်အတွက် စက်ရုံအနေဖြင့် တင်ပို့မည့် နိုင်ငံများ၏ လိုအပ်ချက်အရ ငါးမွေးမြူရေး အလေ့အကျင့်ကောင်း Best Aquaculture Practice (BAP) စနစ်ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ပြီး ထုတ်လုပ်မှုကဏ္ဍအလိုက် (BAP) စနစ်ကို ကျွမ်းကျင်နားလည်သော ဝန်ထမ်းများဖြစ်စေရေး လေ့ကျင့်ပေးရန် ဆွေးနွေးမှာကြားပြီး စက်ရုံများကို လိုက်လံကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဝင်းရှိန် မှော်ဘီမြို့နယ်အတွင်းရှိ အထည်ချုပ်စက်ရုံများ ကြည့်ရှုအားပေး

**ရန်ကုန် ဇန်နဝါရီ ၁၁**

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့ နံနက်ပိုင်းတွင် ရွှေပြည်သာမြို့နယ် သာခုကန်စက်မှုဇုန်ခန်းမ၌ စက်ရုံ၊ အလုပ်ရုံများမှ အလုပ်ရှင်၊ မန်နေဂျာ၊ အခြေခံအလုပ်သမားအဖွဲ့အစည်းဝင်များနှင့် တွေ့ဆုံအမှာစကား ပြောကြားသည်။





တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက အလုပ်သမားအဖွဲ့အစည်း အဆင့်ဆင့်ဖွဲ့စည်းဆောင်ရွက်ရာတွင် အလုပ်သမားအဖွဲ့အစည်း ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပြီး မြို့နယ်မှတ်ပုံတင် အရာရှိမှတစ်ဆင့် မှတ်ပုံတင် အရာရှိချုပ်ထံ သတ်မှတ်ချက်နှင့်အညီ တင်ပြဆောင်ရွက်နိုင်ကြောင်း၊ အလုပ်သမားအဖွဲ့အစည်း၏ အလုပ်အမှုဆောင်အဖွဲ့ဝင်များသည် လုပ်ငန်းတာဝန်များကို ကောင်းစွာသိရှိလိုက်နာရန် လိုအပ်ကြောင်း၊ အလုပ်အမှုဆောင် အဖွဲ့သည် အလုပ်သမားများကို ကိုယ်စားပြုရန်နှင့် ကုန်ထုတ်စွမ်းအား တိုးတက်စေရေးကို အထောက်အကူပြုသည့် အရည်အချင်းမြင့် လုပ်သားများ ပေါ်ပေါက်စေရေးအတွက် လုပ်ငန်းခွင်သင်တန်းများနှင့် ကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်ရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

မွန်းလွဲပိုင်းတွင် မှော်ဘီမြို့နယ်ရှိ အထည်ချုပ်စက်ရုံများ ဖြစ်ကြသည့် General Textile (Myanmar) Apparel Co.,Ltd. နှင့် HENGDA (Myanmar) Apparel Co.,Ltd. သို့ သွားရောက်၍ အဆိုပါစက်ရုံများရှိ အလုပ်ရှင်၊ အလုပ်သမားများနှင့်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် စက်ရုံတာဝန်ခံများ၊ မန်နေဂျာများ၊ ကြီးကြပ်ရေးမှူးများ၊ စက်ရုံအလုပ်သမားအဖွဲ့အစည်းဝင်များ၊ လုပ်ငန်းခွင်ညှိနှိုင်းရေးကော်မတီဝင်များနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး တာဝန်ခံများက လုပ်ငန်းခွင် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက အလုပ်ရှင်နှင့် အလုပ်သမားများအနေဖြင့် ရှောင်ရန်၊ ဆောင်ရန်အချက်များကို သိရှိလိုက်နာဆောင်ရွက်ရန် ဆွေးနွေးမှာကြားပြီး စက်ရုံအတွင်း လှည့်လည် ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## နိုင်ငံအကျိုး လက်ဆင့်ကမ်းသယ်ပိုးဆောင်ရွက်မည့် မျိုးဆက်သစ်များ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ရှိစေရေး လေ့ကျင့်ပျိုးထောင်ပေး

## တက္ကသိုလ်များအလိုက် လူရည်ချွန်များရွေးချယ်မည်ဖြစ်သဖြင့် ရွေးချယ်ရေးမူနှင့်အညီ စနစ်တကျ ရွေးချယ်ဆောင်ရွက်ပေးရန်လိုအပ်

**နေပြည်တော် ဇန်နဝါရီ ၁၁**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃) အစည်းအဝေးခန်းမ၌ တက္ကသိုလ် ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးများနှင့် တိုင်းဒေသကြီး၊ ပြည်နယ် ပညာရေးမှူးများနှင့် တွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ အခြေခံပညာကျောင်းများနှင့် ရုံးဌာနများတွင် ပညာရေးနှင့်သက်ဆိုင်သည့် အခမ်းအနားများကို မြန်မာ့ယဉ်ကျေးမှုနှင့်အညီသာ ကျင်းပဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပညာရေးနှင့် ဆက်စပ်ဝန်ကြီးဌာနများတွင် တက္ကသိုလ်များအလိုက် လူရည်ချွန်များရွေးချယ်မည်ဖြစ်သဖြင့် ရွေးချယ်ရေးမူနှင့်အညီ စနစ်တကျ ရွေးချယ်ဆောင်ရွက်ပေးကြရမည် ဖြစ်ကြောင်း၊ တက္ကသိုလ်များတွင် ကျောင်းသား ကျောင်းသူများ၏ အခက်အခဲများကို ကူညီဖြေရှင်းပေးနိုင်ရန် အုပ်ထိန်းသူစနစ်ထားရှိပေးကြရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပညာရေးမှူးများအနေဖြင့် မိမိတို့တာဝန်ယူရသည့် နေရာဒေသအလိုက်၊ ကျောင်းများအလိုက် ပညာရေးအရည်အသွေးတိုးတက်ရေး၊ စီမံခန့်ခွဲမှု အရည်အသွေးကောင်းမွန်ရေး၊ ပညာရေးဆိုင်ရာ အဆောက်အအုံများ အရည်အသွေးကောင်းမွန်ရေးအတွက် စနစ်တကျ ကြီးကြပ်စီမံကြရမည်ဖြစ်ကြောင်း၊ ကျောင်းသားလူငယ်များကို အနာဂတ်သားကောင်းရတနာများ ဖြစ်လာစေရေးအတွက် စိတ်ကောင်းရှိရန်၊ ပညာတတ်ရန်၊ ဂါရဝတရားရှိရန်၊ မိမိနိုင်ငံ၏ယဉ်ကျေးမှုကို ထိန်းသိမ်းရန်၊ အကျင့်စာရိတ္တ ကောင်းမွန်ရန်၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိစေရန် ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ကျောင်းသား ကျောင်းသူများ အမှန်တကယ် စာတတ်မြောက်အောင်သင်ကြားရန်၊ စဉ်းစားတွေးခေါ်မှုကို အားပေးသည့် သင်ကြားနည်း စနစ်များကို အသုံးပြုသင်ကြားရေး အားပေးကြီးကြပ်ရန် ကိစ္စများကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းက အခြေခံပညာကဏ္ဍ စီမံခန့်ခွဲမှုဆိုင်ရာ၊ သင်ကြားရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ တက်ရောက်လာကြသူများက ပညာသင်ကြားရေး၊ စီမံခန့်ခွဲရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနပေါင်းစုံ အလွှတ်တန်းပြေးခုန်ပစ်ပြိုင်ပွဲ၊ အမျိုးသမီး သံပြားဝိုင်းပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် မနန်းအွမ်ဆိုင်ခမ်းအား ဂုဏ်ပြုချီးမြှင့်သည့် အခမ်းအနားသို့ တက်ရောက်၍ ဂုဏ်ပြုဆုငွေများကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မကွေးတိုင်းဒေသကြီးအတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်း

**နေပြည်တော် ဇန်နဝါရီ ၁၁**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးနှင့်မွေးမြူရေး သိပ္ပံကျောင်း၏ နဝမအကြိမ်မြောက် စိုက်ပျိုးရေးဒီပလိုမာ အပ်နှင်းပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက အဆိုပါ ကျောင်းစုဝေးဆောင်ခန်းမ၌ ကျင်းပပြုလုပ်သည်။

ဦးစွာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်တို့က အမှာစကား ပြောကြားကြပြီး တန်းစဉ်အလိုက် စုစုပေါင်းရမှတ် အများဆုံးဆုရ ကျောင်းသား ကျောင်းသူများထံ ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်၍ ကျောင်းဆင်းမောင်မယ်များနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ကျောင်းဝင်းအတွင်း ကျောင်းသား ကျောင်းသူများ လက်တွေ့ကွင်းဆင်း လေ့ကျင့် ဆောင်ရွက်ထားသည့် သီးနှံစိုက်ခင်းများ၊ မွေးမြူရေးခြံများနှင့် ငါးကန်များကို ကြည့်ရှုအားပေးသည်။

အခမ်းအနားအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့သည် ပွင့်ဖြူမြို့နယ် လယ်လှကုန်းကျေးရွာ၌ စက်မှုလယ်ယာဦးစီးဌာန အမှတ်(၄၆) စက်မှုလယ်ယာစခန်းတွင် ကျင်းပပြုလုပ်သည့် ကောက်ရိုးထုံးစက် (Round Baler) နှင့် ကောက်ရိုးဖြတ်စက် Mower (Rotary Mulcher) သရုပ်ပြပွဲကို တက်ရောက်အားပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မင်းဘူးမြို့နယ် မန်းကျိုးကျေးရွာအုပ်စုရှိ ဆောင်းနေကြာ ဧက ၁၀၀ စံပြစိုက်ခင်းကို ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ မျိုးကောင်းမျိုးသန့် အပါအဝင် သွင်းအားစုများ သုံးစွဲနိုင်ရေး၊ စိုက်ပျိုးနည်းစနစ်များ မှန်ကန်ရေး၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူအစုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ရေး ဆွေးနွေးပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးနှင့် ခရိုင်အဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဒေသအတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





## ယခုလအတွင်း ပဲခူးတိုင်းဒေသကြီး၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၅ သန်းခွဲခန့်နှင့် ပြည်တွင်းလုပ်သား တစ်ထောင်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့

**ပဲခူး ဇန်နဝါရီ ၁၁**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေးအမှတ်စဉ်(၁/၂၀၂၅)ကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ဦးဆောင်၍ ယနေ့နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှု ကဏ္ဍကြီး(၅)ရပ်ရှိသည့်အနက် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ ရင်းနှီးမြှုပ်နှံမှုတိုးတက်လာစေရေး ဖိတ်ခေါ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် တန်ဖိုးမြှင့်ထုတ်ကုန်များ တင်ပို့နိုင်ရေး အအေးခန်း စက်ရုံများ၊ စည်သွတ်ဘူးစက်ရုံများနှင့် ဓာတ်မြေဩဇာစက်ရုံများ လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေး ချိတ်ဆက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့် တိုင်းဒေသကြီးအတွင်း ဘက်စုံကဏ္ဍစုံ ရင်းနှီးမြှုပ်နှံမှု တိုးတက်လာစေရေးနှင့် ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များစေရေး တက်ရောက်လာသည့်ကော်မတီဝင်များက ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအတွင်းရေးမှူးက COBES INDUSTRIES (BII) COMPANY LIMITED ၏ ခွဲစိတ်ခန်းသုံးနှင့် ကျန်းမာရေးဆက်စပ်ပစ္စည်း ၂၃မျိုး တိုးမြှင့်ထုတ်လုပ်ခြင်းအတွက် ရင်းနှီးမြှုပ်နှံမှုပမာဏ တိုးမြှင့်ခြင်းနှင့် အခြားနိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီများမှ အစုရှယ်ယာ ပြောင်းလဲခြင်း၊ သွင်းကုန်ပစ္စည်း CODE ပြင်ဆင်ခြင်း အမှုတွဲများအား ရှင်းလင်းတင်ပြခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆုံးဖြတ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၂၅ ခုနှစ် ဇန်နဝါရီလ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏတိုးမြှင့်ခြင်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၆၅၁ သန်းနှင့် အလုပ်အကိုင်အခွင့်အလမ်း ၁၀၀၀ ဖန်တီးပေးနိုင်ခဲ့သဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက်မှ ယနေ့အထိ ပဲခူးတိုင်းဒေသကြီးအတွင်းသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ၂၀၉ ဒသမ ၀၂၂ သန်း၊ နိုင်ငံသားရင်းနှီးမြှုပ်နှံမှု ကျပ်သန်း ၁၀၆၈၄၃ ဒသမ ၈၃၂ သန်းဝင်ရောက်ခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်း ၁၃၀၉၁ ဦး ဖော်ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

**နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်**

**နေပြည်တော် ဇန်နဝါရီ ၁၁**- နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးအနည်းငယ်ရွာနိုင်သည်။ ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ **မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံ ကင်ဆာရောဂါဆိုင်ရာ ဓာတ်ရောင်ခြည်ဆေးကုသမှုပညာရှင်များ၏ ညီလာခံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

**ရန်ကုန် ဇန်နဝါရီ ၁၁**
ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံ ကင်ဆာရောဂါဆိုင်ရာ ဓာတ်ရောင်ခြည် ဆေးကုသမှု ပညာရှင်များ၏ ညီလာခံဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ Wyndham Grand Hotel ၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ ရန်ကုန် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးငွေအောင်၊ ကျန်းမာရေးဝန်ကြီး ဌာနနှင့် ကာကွယ်ရေးဝန်ကြီး ဌာနတို့မှ တာဝန်ရှိသူများ၊ ဆေး တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခ၊ ဌာနမှူးများ၊ မြန်မာ နိုင်ငံ ဆေးကောင်စီ၊ မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့မှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ပြည်တွင်း ပြည်ပမှ ကင်ဆာဓာတ်ရောင်ခြည်အထူးကု ဆရာဝန်များ၊ ဆေးဘက်ဆိုင်ရာ ရူပဗေဒပညာရှင်များနှင့် ဓာတ် ရောင်ခြည် ကျွမ်းကျင်ပညာရှင် များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဒုတိယအကြိမ်မြောက် မြန်မာ နိုင်ငံ ကင်ဆာရောဂါဆိုင်ရာ ဓာတ်ရောင်ခြည် ဆေးကုသမှု ပညာရှင်များ၏ ညီလာခံကို "State-of-the-Art of Hypof-ractionated Radiotherapy: Beyond Feasibility and Compliance" ခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်ပြီး တီထွင် ဆန်းသစ်မှုအသစ်များနှင့် တိုးတက် လာသည့် ကင်ဆာဓာတ်ရောင် ခြည် ဆေးပညာရပ်များနှင့် ပတ်သက်၍ မြန်မာနိုင်ငံမှ ပညာ ရှင်များသာမက ရုရှားဖက်ဒရေး ရှင်းနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ထိုင်း နိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့မှ ကင်ဆာ ရောဂါဆိုင်ရာ ဓာတ်ရောင်ခြည် ဆေးကုသမှု ပညာရှင်များ၏ အတွေ့အကြုံ ဗဟုသုတများ အပြန်အလှန် မျှဝေကြမည်ဟု သိရှိရ၍ မြန်မာနိုင်ငံရှိ အထူးကု ရောဂါကုဆရာဝန်များ၊ ဆေးပညာ ရှင်များ၊ ကင်ဆာရောဂါ ဓာတ်ရောင် ခြည် အထူးကုဆရာဝန်များနှင့် ဘွဲ့လွန်သင်တန်းသား ဆရာဝန်များ အတွက် ဗဟုသုတနှင့် ကျွမ်းကျင် မှုဆိုင်ရာများကို လေ့လာဖလှယ် ခွင့်ရရှိကြမည်ဖြစ်သဖြင့် လူနာ




ဗဟိုပြုကင်ဆာရောဂါ ဆေးကုသ မှုလုပ်ငန်းများ ပိုမိုတိုးတက် ကောင်းမွန်အောင် ဆောင်ရွက်နိုင် မည်ဟု ယုံကြည်ကြောင်းပြောကြား သည်။

ထို့နောက် မြန်မာနိုင်ငံ ကင်ဆာရောဂါ ဓာတ်ရောင်ခြည် ဆေးပညာရှင်များအဖွဲ့ ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ခင်ချိုဝင်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ကင်ဆာ ဓာတ်ရောင်ခြည် ဆေးပညာဌာနမှ ပါမောက္ခ၊ ဌာနမှူး ပါမောက္ခ ဒေါက်တာမိုးလှိုင်နှင့် အင်ဒိုနီးရှား နိုင်ငံ Cipto Mangunkusumo Hospital မှ ကင်ဆာဓာတ်ရောင် ခြည် ဆေးကုသမှုဆိုင်ရာ ပါမောက္ခ Professor Soehartati A. Gondhowiardjo တို့က ကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြား သည်။

ယင်းနောက် ပြည်ထောင်စု ဝန်ကြီး၊ တိုင်းဒေသကြီး လူမှု ရေးရာဝန်ကြီး၊ ပါမောက္ခ ဒေါက်တာ ခင်ချိုဝင်းနှင့် ပါမောက္ခဒေါက်တာ မိုးလှိုင်တို့က ညီလာခံကို ဖဲကြိုး ဖြတ် ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** ခင်းကျင်းပြသထားသော ပညာ ရပ်ဆိုင်ရာ ပိုစတာများကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ ညီလာခံကို ဇန်နဝါရီ ၁၁ ရက်မှ ၁၂ ရက်အထိ Hybrid စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ ပညာရှင်များ သာမက ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့မှ ကင်ဆာရောဂါ ဆိုင်ရာ ဓာတ်ရောင်ခြည် ဆေးကုသ မှုပညာရှင်များကပါ အတွေ့အကြုံ ဗဟုသုတများ အပြန်အလှန်မျှဝေ ကြမည်ဖြစ်သည်။

လက်ရှိအချိန်တွင် မြန်မာ နိုင်ငံ၌ ဓာတ်ရောင်ခြည်ဖြင့် ကင်ဆာရောဂါကုသစက် (LA) အနေဖြင့် ပြည်သူ့ဆေးရုံများတွင် ၁၄ လုံး၊ ပုဂ္ဂလိကဆေးရုံများတွင် ခုနစ်လုံး၊ စုစုပေါင်း ၂၁ လုံး၊ Cobalt ဓာတ်ရောင်ခြည်ဖြင့် ကင်ဆာ ရောဂါကုသစက်အနေဖြင့် ပြည်သူ့ ဆေးရုံများတွင် သုံးလုံး၊ Brachy-therapy ဓာတ်ရောင်ခြည်ဖြင့် ကင်ဆာရောဂါ ကုသစက်အနေ ဖြင့် ပြည်သူ့ဆေးရုံများတွင် ငါးလုံး၊ ပုဂ္ဂလိကဆေးရုံများတွင် လေးလုံး တပ်ဆင်ကာ ကင်ဆာရောဂါ လူနာများအား ကုသမှုဆောင်ရွက် ပေးလျက်ရှိပြီး လူနာများ စောင့်ဆိုင်းချိန် လျော့နည်းစေရေး အတွက် ကျန်းမာရေးဝန်ထမ်းများ က စနေ၊ တနင်္ဂနွေနေ့များ အပါ အဝင် နေ့၊ည နှစ်ဆိုင်းခွဲ၍ကြိုးပမ်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

**ရန်ကုန် ဇန်နဝါရီ ၁၁**
ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Maxim RYZHENKOV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၇ နာရီ ၁၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည် ထွက်ခွာသွားသည်။

ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့အခြေစိုက် ဘယ်လာရုစ် ဂုဏ်ထူးဆောင် ကောင်စစ်ဝန်ရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင် နှုတ်ဆက်ကြကြောင်း သိရသည်။ (ဝဲပုံ)

**သတင်းစဉ်**

## မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း (၂၉)ကြိမ်မြောက် အသင်းသားစုံညီ အစည်းအဝေးကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၁**
မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း (၂၉) ကြိမ်မြောက် အသင်းသားစုံညီ နှစ်ပတ်လည်အစည်း အဝေးကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် မင်္ဂလာ ခန်းမ၌ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး သံယဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌ ဦးအေးထွန်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌဦးဆန်းလင်း၊ စက်မှုဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဦးမျိုးဇာနည်ဝင်း၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူ များအသင်းမှ အမှုဆောင်များ၊ အသင်းဝင်များနှင့် အထူးဖိတ်ကြားထားသူများ၊ ပံ့ပိုးကူညီကြသည့် ကုမ္ပဏီများ တက်ရောက်ကြသည်။

ဦးစွာ သဘာပတိ မြန်မာနိုင်ငံစက်မှုကုန် ထုတ်လုပ်သူများအသင်းဥက္ကဋ္ဌက နှုတ်ခွန်းဆက် စကားပြောကြားပြီး တိုင်းဒေသကြီး သံယဇာတ ရေးရာဝန်ကြီးက ဂုဏ်ပြုအမှာစကားနှင့် ဒုတိယ ဥက္ကဋ္ဌ ဦးဆန်းလင်းနှင့် စက်မှုဝန်ကြီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးမျိုးဇာနည်ဝင်းတို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူ များအသင်း အထွေထွေအတွင်းရေးမှူး ဒေါက်တာ ခင်မောင်ဦးက နှစ်ပတ်လည်အစီရင်ခံစာနှင့် ဘဏ္ဍာရေး ရှင်းတမ်းအား ဖတ်ကြားတင်ပြပြီး အတည်ပြုချက် ရယူခဲ့သည်။




ယင်းနောက် နှစ်ပတ်လည်အစည်းအဝေး ဖြစ်မြောက်ရေးအတွက် ပံ့ပိုးကူညီပေးသော ကုမ္ပဏီ များအား ဂုဏ်ပြုလွှာပေးအပ်ပြီး အသင်းဘဏ္ဍာ ရေးမှူး ဦးအေးဟန်က ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးအတွက် အသင်းဝင်ကုမ္ပဏီ များ၏ လှူဒါန်းငွေစာရင်းအား ဖတ်ကြားတင်ပြသည်။

ထို့နောက် သဘာပတိမြန်မာနိုင်ငံစက်မှု ကုန်ထုတ်လုပ်သူများအသင်းဥက္ကဋ္ဌက နိဂုံးချုပ်အမှာ စကားပြောကြားခဲ့ကြောင်း သိရသည်။

**မျိုးမင်းသူရ**

# ဆိုရှယ်မီဒီယာခေတ်တွင် အသုံးပြုသူတိုင်း သိသင့်သိထိုက်သည့် ကျင့်ဝတ်စည်းကမ်း

စာဖတ်ပရိသတ်တစ်ဦး

**ဆိုရှယ်မီဒီယာခေတ်တွင် လူတိုင်းနီးပါး အွန်လိုင်းအသုံးပြုလာကြသည်။ နည်းပညာနှင့် ဆက်စပ်ပစ္စည်းများကို အသုံးပြု၍ အွန်လိုင်းတွင် သတင်းအချက်အလက်များ ဖော်ပြခြင်း၊ ပေးပို့ခြင်း၊ ဖြန့်ချီခြင်းများ ပြုလုပ်လာကြသည်။**

အချို့ကလည်း မိမိ၏ တစ်နေ့တာသွားလာလှုပ်ရှားမှုများကို မိတ်ဆွေသူငယ်ချင်းများအား အသိပေးဝေမျှကြသည်။ အချို့က မိမိပတ်ဝန်းကျင်တွင် အဆင်မပြေမှုများ၊ ခံစားချက်များကို ရင်ဖွင့်ကြသည်။ အချို့ကား ထင်ပေါ်ကျော်ကြားလိုမှုကို အကြောင်းပြု၍ ပွဲရှာကြသည်။ နာမည်ကျော်ပုဂ္ဂိုလ်များ၏ လတ်တလော အများအာရုံစိုက်ရာ ပြုမူပြောဆိုလှုပ်ရှားမှုအပေါ် အကြောင်းပြု၍ ယခုခေတ်စကားအရ ဝင်ဝုန်းကြသည်။ ဆိုရလျှင် လူအမျိုးမျိုး စိတ်အထွေထွေဆိုသကဲ့သို့ အွန်လိုင်းပေါ်တွင် ကိုယ်ဝါသနာပါရာ၊ သန်ရာသန်ရာကို ရေးကြသားကြ တင်ပြကြသည်။

သို့ဖြင့် ဆိုရှယ်မီဒီယာခေတ်တွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာသတင်းမီဒီယာအဖွဲ့အစည်း အသီးသီး လိုက်နာကျင့်သုံးလျက်ရှိသော ကျင့်ဝတ်စည်းကမ်းများကို အွန်လိုင်းသုံးစွဲသူတိုင်း အကြမ်းဖျင်း သိရှိနားလည်ထားဖို့လိုပါသည်။

### သိက္ခာပြည့်ဝသော သတင်းမီဒီယာ

ကျင့်ဝတ်စည်းကမ်းနှင့် သိက္ခာပြည့်ဝသော သတင်းမီဒီယာအဖွဲ့အစည်းများသည် **“သတင်းရေးသားရာတွင် အချက်အလက်တိကျခိုင်မာရမည်၊ သတင်းရေးသားသည့်အခါတွင် သတင်းရေးသူ သတင်းထောက်၏ ပုဂ္ဂိုလ်ရေးထင်မြင်ချက်ကို ထည့်မရေးရ၊ မိမိရေးသားသည့် သတင်းသည် ဝါဒဖြန့်ရာတွင် အသုံးချခံရခြင်းမရှိစေရ၊ ပုဂ္ဂိုလ်ရေးဝေဖန်ရေးသားရာတွင် သတင်းအကြောင်းအရာနှင့် တိုက်ရိုက်ပတ်သက်သူများကိုသာ အကန့်အသတ်ဖြင့် ဝေဖန်ရမည်၊ သတင်းအရင်းအမြစ်က သဘောမတူလျှင် ထုတ်ဖော်မပြောရ၊ အင်တာဗျူးတွင် ထည့်မရေးပါနှင့်ဟု တားမြစ်သည့်စကားကို ထည့်မရေးရ”** စသည်ဖြင့် Code of Conduct နှင့် Code of ethics ဟူသည့် ကျင့်ဝတ်စည်းကမ်းများကို လိုက်နာလေ့ရှိသည်။

ထို့အတူ ယခုခေတ် စာတည်းဟုဆိုသည့် အယ်ဒီတာများအနေဖြင့်လည်း သတင်း၊ ဆောင်းပါးများကို တည်းဖြတ်ရာတွင် **“သတင်းဆောင်းပါးများတွင် အချက်အလက်နှင့် အဓိပ္ပာယ်ဖော်ပြပုံ အမှားအယွင်း ရှိ-မရှိ၊ အသရေဖျက်မှု သို့မဟုတ် အခြားသော တရားဥပဒေငြိစွန်းမှု တစ်စုံတစ်ရာ ပါဝင်ခြင်း ရှိ-မရှိ၊ စာဖတ်ပရိသတ် ယုံမှားသံသယဖြစ်ဖွယ်ရာ ဓမ္မဓိဋ္ဌာန်မကျသော၊ မမျှတသော ဖော်ပြမှုမျိုး ဖြစ်-မဖြစ်၊ သို့တည်းမဟုတ် စာဖတ်ပရိသတ် ငြီးငွေ့ဖွယ်ရာအကြောင်းအရာ ဖြစ်-မဖြစ်၊ ထူးခြားသိမှတ်ဖွယ်ရာအကြောင်းအရာမျိုး၊ စာဖတ်သူတို့ စိတ်ဝင်စားဖွယ် တစ်စုံတစ်ရာအကျိုးဖြစ်ထွန်းဖွယ် အကြောင်းအရာမျိုး ဖြစ်-မဖြစ်”** သတိမူရသည်။

အလားတူ သတင်း(သို့)ဆောင်းပါး၏ သဘောသွား၊ စကားလုံးလေကြောရှည်မှု၊ အပ်ကြောင်းထပ်မှု၊ ငြီးငွေ့စရာအသေးစိတ်အချက်များ၊ မျက်စိလျှံသွားသော အချက်အလက်များ၊ အဆီအငေါ်မတည့်မှုများ၊ အမှတ်တမဲ့ကြော်ငြာပေးမှုများ၊ အသရေဖျက်မှု၊ တစ်ပတ်ရိုက်လှည့်စားမှုများ၊ သတင်းဟောင်းပြန်ရေးသားမှု၊ အငြိုးဖြင့်ရေးသားမှု၊ ပုံတူကူးချမှုများကို ဆန်းစစ်ကြရသည်။

ထို့အပြင် အယ်ဒီတာဟူသည် စားပွဲပေါ် အသင့်ရောက်လာသော သတင်း၊ ဆောင်းပါးများကို တည်းဖြတ်ကာ သတင်းစာတွင် ဖတ်ချင်စဖွယ်ဖြစ်အောင် နေရာချထည့်သွင်းဖော်ပြရုံမျှမက စာဖတ်ပရိသတ်များ သိသင့်သိထိုက်သော သတင်း၊ ဆောင်းပါးများကို ရရှိအောင် စီစဉ်ညွှန်ကြားသူ၊ ထောက်လှမ်း၊ စုံစမ်းရေးသားနိုင်ရပါမည်။

**❖ သတင်းထောက်များလိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းများနှင့် ထိုသတင်းများကို ဖတ်ချင်စဖွယ်ဖြစ်အောင်၊ အသရေဖျက်မှုစသည့် တည်ဆဲဥပဒေများနှင့် ခလုတ်မထိ ဆူးမငြိအောင် တည်းဖြတ်ဖော်ပြပေးရသည့် အယ်ဒီတာတို့၏ လုပ်ငန်းဆောင်တာများအပြင် ယနေ့ အွန်လိုင်းပေါ်တွင် ခေတ်စားနေသည့် ဝေဖန်မှုများစွာနှင့် ပတ်သက်၍ ဝေဖန်စာ၏ သဘောသဘာဝကို အွန်လိုင်းသုံးစွဲသူများ အကြမ်းဖျင်းသိရှိနားလည်ဖို့လည်း လိုအပ်**

**❖ သတင်းမီဒီယာဆိုင်ရာကျင့်ဝတ်စည်းကမ်းများနှင့် ခေတ်အဆက်ဆက် ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးများ၏ အဆိုအမိန့်များကား လက်ရှိသတင်းလောကတွင် ကျင်လည်နေသော သတင်းသမားများအတွက်သာမက အထူးသဖြင့် အွန်လိုင်းပေါ်တွင် နှုတ်တစ်ရာစာတစ်လုံးအဖြစ် ရေးသားနေကြသော အွန်လိုင်းသုံးစွဲနေကြသူများအဖို့ပါ လေ့လာမှတ်သား သင်ယူစရာကောင်းလှပါသည်**

### အယ်ဒီတာ၏အလုပ်

သို့ဖြစ်၍ နယူးယောက်တိုင်းမ်သတင်းစာကြီးကို စတင်တည်ထောင်သူ အဒေါ့ဖ် အက်စ် အော့ချ်က **“သတင်းစာတစ်စောင်မှာ အသုံးဝင်ဆုံးပုဂ္ဂိုလ်ဟာ တည်းဖြတ်နိုင်သူဖြစ်တယ်”**ဟူ၍ လည်းကောင်း၊ မြန်မာသတင်းစာဆရာကြီး ဂျာနယ်ကျော် ဦးချစ်မောင်ကလည်း **“တည်းဖြတ်တဲ့အလုပ်ဟာ သတင်းစာရဲ့ တကယ့်အဆီအနှစ်ကြီးပဲ”**ဟူ၍ လည်းကောင်း ပြောဆိုခဲ့သည်။ ဆရာကြီး ပီမိုးနင်းကမူ **“စာနယ်ဇင်းတည်းဟူသော စာအမျိုးမျိုး ပွဲကြီးရုံကြီးမှာ ဆော့စ်ကလေး၊ ချက်တနီးကလေးများနှင့် မွှေးမွှေးကြိုင်ကြိုင် မြိုင်မြိုင်ဆိုင်ဆိုင်ဖြစ်အောင် အငွေ့တထောင်းထောင်းနှင့်မြင်ရလျှင် သွားရည်ယိုလောက်အောင် စီမံတတ်သော ‘စာသူကြီး’ဉာဏ်မျိုး ရှိသူတို့ကို အယ်ဒီတာဟု ခေါ်ဝေါ်သမုတ်အပ်ပေကြောင်း”** စသည်ဖြင့် အယ်ဒီတာ၏အလုပ်ကို အကဲဖြတ်ခဲ့ပေသည်။

ထိုသို့ဆိုရလောက်အောင်လည်း အယ်ဒီတာတို့ ဆောင်ရွက်ရသည့် လုပ်ငန်းနယ်ပယ်သည် များစွာကျယ်ဝန်းလှပါသည်။ အမေရိကန်နိုင်ငံမှ PM ခေါ် သတင်းစာကြီးတွင် အယ်ဒီတာဌာနကို လုံးဝမထားဘဲ အကောင်းဆုံးသတင်းထောက်များကိုသာထား၍ စမ်းသပ်ခဲ့ဖူးသည်ဟုဆိုသည်။ ထိုစမ်းသပ်မှုမှာ နှစ်ရက်သာခံပြီး အယ်ဒီတာဌာနကို ထားမြဲထားရလေသည်ဟု သိရသည်။

သတင်းထောက်များ လိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းများနှင့် ထိုသတင်းများကို ဖတ်ချင်စဖွယ်ဖြစ်အောင်၊ အသရေဖျက်မှုစသည့် တည်ဆဲဥပဒေများနှင့် ခလုတ်မထိ ဆူးမငြိအောင် တည်းဖြတ်ဖော်ပြပေးရသည့် အယ်ဒီတာတို့၏ လုပ်ငန်းဆောင်တာများအပြင် ယနေ့ အွန်လိုင်းပေါ်တွင် ခေတ်စားနေသည့် ဝေဖန်မှုများစွာနှင့် ပတ်သက်၍ ဝေဖန်စာ၏ သဘောသဘာဝကို အွန်လိုင်းသုံးစွဲသူများ အကြမ်းဖျင်းသိရှိနားလည်ဖို့လည်း လိုအပ်ပေသည်။

ဝေဖန်စာကို မြန်မာနှင့် အနောက်တိုင်း သတင်းလောကတွင် review ဟု အသုံးများသည်။ စာပေ၊ ရုပ်ရှင်၊ ပန်းချီ၊ ဂီတ၊ ပြဇာတ် စသည့် အနုပညာရပ်များ၊ ဘောလုံးပွဲ၊ လက်ဝှေ့ပွဲ စသည့် အားကစားပွဲများကို ကြည့်ရှုပြီးနောက် ဆန်းစစ်သုံးသပ်ကာ မိမိ၏ထင်မြင်ချက် သို့မဟုတ် ဝေဖန်ချက်ကို ရေးသားထုတ်လွှင့်ခြင်းသည် ရီဗျူး(review) ဖြစ်ပေသည်။

ရီဗျူးရေးရာတွင် အာဃာတများ၊ အငြိုးအတေးများ ကင်းရှင်းပါစေ၊ လူ့သဘာဝအလျောက် ချစ်သူကို သာစေ၊ မုန်းသူကိုနာစေရန် ရေးမိလျှင်တောင်မှ မဖုံးနိုင် မဖိနိုင်လောက်အောင် မပေါ်လွင်ပါစေနှင့်၊ သာစေရန် သို့မဟုတ် နာစေရန် ရေးလျှင်လည်း အချက်အလက်နှင့်ရေးပါ၊ စည်းလွတ်ကမ်းလွတ်ရေးဖန်များလျှင် သင့်ရီဗျူးကိုစာဖတ်သူများက ယုံကြည်မှု ရှိတော့မည်မဟုတ်၊ ရီဗျူးတွင် အဆိုးချည်းပဲ တွေ့နေလျှင်တောင်မှ အဆိုးချည်း တန်းစီမရေးပါနှင့်။ အဆိုးထဲကအကောင်း၊ ကောင်းကွက်ကလေးများတွေ့အောင်ရှာ၍ ထိန်းညှိပြီးရေးပါ။ **“အနုပညာသည်တစ်ယောက်ကို သင့်ရီဗျူးဖြင့် ဘယ်တော့မှ အသေမသတ်ပါနှင့်။ သူ့ကို နောက်တစ်ကြိမ်ကြိုးစားရန် အခွင့်အရေးပေးပါ”** စသည်ဖြင့် ကျင့်ဝတ်သိက္ခာပြည့်ဝသော ဝါရင့်သတင်းစာဆရာကြီးများ၏ အဆုံးအမရှိပေသည်။

### သူတစ်ပါးထက် ထူးခြားတဲ့ကိုယ်ကျင့်တရား

ဝန်ကြီးချုပ်ဟောင်း ဦးနုကလည်း ၁၂ အောက်တိုဘာ ၁၉၆၈ ထုတ် အိုးဝေဂျာနယ်၊ အမှတ် ၅ တွင် ညီလေးညီမြအစချီ၍ **“လောကမှာ တိုးတက်ကြီးပွားနေတဲ့ စာနယ်ဇင်းသမားတွေကို လေ့လာကြည့်တဲ့အခါ သူတစ်ပါးထက် ထူးခြားတဲ့ကိုယ်ကျင့်တရားတွေကို ဒီလိုတွေ့ရတယ်။**

**(၁) အကြောင်းကြောင်းတွေကြောင့် တချို့ကိစ္စတွေမှာ မရေးသားဘဲ နေချင်နေမယ်။ မမှန်တာ၊ မဟုတ်တာ၊ သူတို့မယုံကြည်တာတွေကိုတော့ မှန်တာ၊ ဟုတ်တာ၊ သူတို့ယုံကြည်တာအဖြစ်မျိုးနဲ့ စာဖတ်ပရိသတ်ကို ဘယ်တော့မှ မတင်ပြဘူး။**

**(၂) အကျိုးရှိရှိ မရှိရှိ၊ လူကြိုက်များရင် ပြီးရောဆိုတာမျိုး ဘယ်တော့မှ မလုပ်ဘူး။ လူကြိုက်လည်းများရမယ်၊ အကျိုးလည်းရှိရမယ်ဆိုတာမျိုးကိုသာ စာဖတ်ပရိသတ်ကိုတင်ပြလေ့ရှိတယ်။**

**(၃) ကိုယ့်ကလောင်နဲ့ထိုးသမျှ ဘာမှပြန်မလုပ်နိုင်ရှာဘဲ ငုံ့ခံရမယ်ဆိုတဲ့ လူစားမျိုးတွေအပေါ်မှာ ဘယ်တော့မှအနိုင်မကျင့်ဘူး။ သက်ညှာတယ်၊ သဘောထားကြီးတယ်”** စသည်ဖြင့် ရေးသားခဲ့ပါသည်။ ထိုသို့ရေးသားပေးပို့မှုကို သတင်းစာဆရာကြီး အိုးဝေညိုမြက **“စာနယ်ဇင်းသမားများအဖို့ ကျင့်ဝတ် ၃ ပါး”** ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြခဲ့ခြင်းဖြစ်သည်။

စာရေးဆရာ၊ သတင်းစာဆရာတစ်ဦးဖြစ်သူ ဆရာမောင်ဝံသကလည်း ဂျာနယ်အင်တာဗျူးကဏ္ဍတစ်ခုတွင် ပြန်လည်ဖြေကြားခဲ့သည်များကို **“သတင်းစာဆရာဘဝနှင့်အမြင်”** ခေါင်းစဉ်ဖြင့် အောက်ပါအတိုင်း ရေးသားဖော်ပြခဲ့ပါသည် -

**မေး ။** သတင်းလောကမှာ ဘက်လိုက်မှုကင်းရမယ်ဆိုတဲ့အသံက တော်တော်ကျယ်ပါတယ်။ သတင်းစာဆရာကြီး တစ်ဦးကတော့ သတင်းစာဆရာဟာ ပြည်သူလူထုဘက်ကို လိုက်ရမယ်လို့ဆိုတယ်။ ဒါနဲ့ပတ်သက်တဲ့ ဆရာရဲ့အမြင်ကို သိချင်ပါတယ်။

**ဖြေ။** သတင်းစာဆရာဟာ သာမန်လူ၊ သာမန်အရပ်သားတွေထက် အမြင်ကျယ်ရပါမယ်။ အမှားအမှန်၊ အကောင်းအဆိုးကို လူပြိန်းတွေထက် ပိုသိပိုမြင်ပါမှ သတင်းစာဆရာကောင်း ဖြစ်ပါလိမ့်မယ်။ ဒါကြောင့်လည်း သတင်းစာဆရာဆိုတာ တိုင်းပြည်ရဲ့ နား၊ မျက်စိလို့ တင်စားကြတာပေါ့။ သည်တော့ သတင်းစာဆရာဟာ ဘယ်သူရဲ့ နောက်မြီးဆွဲမှ မဖြစ်စေရပါဘူး။ ပြည်သူလူထု နောက်မြီးဆွဲလည်း မဖြစ်ရပါဘူး။ ပြည်သူလူထုက မှားနေရင်လည်း မှားနေတာကို ဖော်ပြရပါမယ်။ သတင်းစာဆရာဟာ အမှန်တရားဘက်ကပဲ ဘက်လိုက်ရပါမယ်။ ပြဿနာရပ်တိုင်းမှာ အမှန်နဲ့ အမှားကို ခွဲခြားနိုင်စွမ်းရှိဖို့တော့ လေ့လာမှုတွေ ရှိရမှာပေါ့။

**မေး။** သတင်းတစ်ပုဒ်ကို ကိုင်တွယ်တင်ပြနေတဲ့ သတင်းသမားတွေဟာ ကိုယ်ရေးလိုက်တဲ့ သတင်းအပေါ် ဘယ်လောက်အထိ တာဝန်ယူရပါသလဲ။ သတင်းသမားတစ်ယောက်ရဲ့ တာဝန်ကြီးမှုကို ရှင်းပြပေးပါ။

**ဖြေ။** ဘယ်လောက်အထိ တာဝန်ယူရသလဲဆိုရင်တော့ တရားစွဲခံရရင် အမှုကို ရင်ဆိုင်ဖြေရှင်းရပါတယ်။ ဒါပေမယ့် သတင်းကို မိမိနာမည်ဖော်ပြပြီး by line နဲ့ ရေးတာမဟုတ်ရင် တာဝန်ခံအယ်ဒီတာကပဲ တရားရုံးမှာ ရင်ဆိုင်ဖြေရှင်းရတယ်။ သတင်းထောက်ကတော့ မိမိစာနယ်ဇင်း တရားစွဲခံရပြီဆိုကတည်းက တာဝန်ရှိနေပြီပေါ့။ သတင်းတစ်ပုဒ်ကို ရေးပြီဆိုရင် အမှားအမှန် အတည်ပြုတာဟာ သတင်းထောက်ကိုယ်တိုင်ရဲ့ တာဝန်ပါပဲ။

### လေ့လာမှတ်သား သင်ယူ

သို့ဆိုလျှင် ထိုထိုသော သတင်းမီဒီယာဆိုင်ရာ ကျင့်ဝတ်စည်းကမ်းများနှင့် ခေတ်အဆက်ဆက် ပြည်တွင်း ပြည်ပ သတင်းစာဆရာကြီးများ၏ အဆိုအမိန့်များကား လက်ရှိသတင်းလောကတွင် ကျင်လည်နေသော သတင်းသမားများအတွက် သာမက အထူးသဖြင့် အွန်လိုင်းပေါ်တွင် နှုတ်တစ်ရာ စာတစ်လုံးအဖြစ် ရေးသားနေကြသော အွန်လိုင်းသုံးစွဲနေကြသူများအဖို့ပါ လေ့လာမှတ်သား သင်ယူစရာကောင်းလှပါသည်။

သတင်းပြန်ကြားရေးနှင့် ဆက်သွယ်ရေးနည်းပညာခေတ်တွင် အွန်လိုင်းသုံးစွဲသူအများစုမှာလည်း သတင်းတွေဖတ်ကြ၊ ထပ်ဆင့်ဝေမျှကြ၊ ကိုယ်တိုင်ရေးကြသားကြ၊ ဝေဖန်ပြောဆိုကြနှင့် တစ်စတစ်စ ကိုယ်တိုင်သတင်းသမားများ၊ ဝေဖန်ရေး ရီဗျူးရေးသူများ ဖြစ်နေကြသည် မဟုတ်ပါလား။ ။

**ကိုးကား။** ။ မောင်ဝံသ၏ “သတင်းစာပညာ သဘောတရားနှင့် လက်တွေ့”

# ရာဂီမုန်တိုင်းသဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ခဲ့သည့် ကလောမြို့နယ်အတွင်း နေအိမ်ထိခိုက်ပျက်စီးဆုံးရှုံးသွားသည့် ရွှေမင်းဖုန်းကျေးရွာအုပ်စုမှ သဘာဝဘေးသင့်ပြည်သူ ၂၂၂ ဦးအတွက် ငွေများပေးအပ်

**ကလော ဇန်နဝါရီ ၁၁**

၂၀၂၄ ခုနှစ် စက်တင်ဘာ ၁၁ ရက်က ဖြစ်ပွားခဲ့သည့် ရာဂီမုန်တိုင်း သဘာဝဘေးအန္တရာယ်ကြောင့် ရှမ်းပြည်နယ် ကလောခရိုင် ကလောမြို့နယ် နေအိမ်ထိခိုက်ပျက်စီး ဆုံးရှုံးသွားသည့် ရွှေမင်းဖုန်း ကျေးရွာအုပ်စုမှ သဘာဝဘေးသင့် ပြည်သူ ၂၂၂ ဦး အတွက် ငွေပေးအပ်ပွဲကို ယနေ့ နံနက် ၁၁ နာရီခွဲက ရွှေမင်းဖုန်းကျေးရွာအုပ်စု ရွှေမင်းဘုံရပ် အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့က ကလောမြို့နယ် ညောင်ကုန်းကျေးရွာအနီး သဘာဝဘေးဒဏ်ကြောင့် မြေပြိုကျနေမှုကို ကြည့်ရှုရာ ကလောမြို့နယ် သစ်တောဦးစီးဌာန တာဝန်ရှိသူတစ်ဦးက မြေပြိုကျမှုများ ထိန်းသိမ်းနိုင်ရန်အတွက် လှေကားထစ်တောင်ယာစနစ်ဖြင့် စိုက်ပျိုးပေးနိုင်ရန် လိုအပ်မှုနှင့် ဒေသနှင့်ကိုက်ညီသည့် သစ်ပင်များ စိုက်ပျိုးပေးရန် လိုအပ်မှုများကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး အာရှကမ္ဘာမြေသတ္တုတူးဖော်ရေးကုမ္ပဏီရှုရပ်မှ ရေကြီးနစ်မြုပ်နေမှု အခြေအနေများကို ကြည့်ရှုသည်။

ထိုမှတစ်ဆင့် ရွှေမင်းဖုန်းကျေးရွာအုပ်စု ရွှေမင်းဘုံရပ် အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည့် သဘာဝဘေးဒဏ်ကြောင့် နေအိမ်ထိခိုက်ပျက်စီးဆုံးရှုံးသွားသည့် ရွှေမင်းဖုန်းကျေးရွာအုပ်စု ပြည်သူ ၅၁၇ ဦးအနက်မှ ငွေများပေးအပ်ရန်ကျန်ရှိသည့် ပြည်သူ ၂၂၂ ဦးအား ငွေများ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးစကားပြောကြားရာ ရာဂီမုန်တိုင်းအရှိန်ကြောင့် ပျက်စီးသွားသောနေအိမ်များအတွက် နိုင်ငံတော်က ငွေများပေးအပ်ခြင်းဖြစ်ပြီး စေတနာရှင် အလှူရှင်များကလည်း ထည့်ဝင်ပေးအပ်ခြင်း ဖြစ်ကြောင်း၊ သစ်တော၊ သစ်ပင်မပြုန်းတီးစေရန် ဒေသနေပြည်သူအားလုံးက သစ်ပင်စိုက်ပျိုးပေးရန် လိုအပ်ကြောင်း၊ လက်ရှိကျန်ရှိနေသည့် ရေများအတွက် ရေထွက်ပေါက်ရရှိအောင် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ဆောင်ရွက်ပေးရန် လာရောက်ခြင်းဖြစ်ကြောင်း၊ ပြည်သူအားလုံးကပါဝင်၍ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ လာမည့်နှစ်များတွင်လည်း ယခုလို အဖြစ်မျိုး မခံစားရအောင် မည်ကဲ့သို့ဆောင်ရွက်ရမည်ကို အားလုံးက ကြိုတင်ပြင်ဆင်ထားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် နေအိမ်ထိခိုက်ပျက်စီးဆုံးရှုံးသွားသည့် ပြည်သူများအား ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ကလောမြို့ ကလောတပ်နယ်မှူး ဗိုလ်မှူးချုပ်ကျော်ကျော်ဟန်၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့က ငွေများပေးအပ်ခဲ့ကြပြီး နေအိမ်ထိခိုက်ပျက်စီးဆုံးရှုံးသွားသည့် ပြည်သူ ၂၂၂ ဦး၏ကိုယ်စား ကလောမြို့နယ် ရွှေမင်းဖုန်းကျေးရွာအုပ်စု ဦးထွန်းလှိုင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် ပြည်သူများက လက်ရှိဒေသ



အခြေအနေများကိုတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ရေထွက်ပေါက်ဆောင်ရွက်မည့်နေရာကို သွားရောက်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ ပေါင်းစပ်ဖြည့်စွက် မှာကြားကာ ရေတင်ကျန်နေသည့်နေရာနှင့် ယခင်ရေထွက်(ထူးပေါက်)ရှိခဲ့သည့် နေရာတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ရာဂီမုန်တိုင်းအရှိန်ကြောင့် ရေကြီးနစ်မြုပ်ခဲ့သည့် ကလောခရိုင်အတွင်း ရေဘေးတွေ့ကြုံခဲ့ရသည့် ရွှေမင်းဖုန်းကျေးရွာအုပ်စုမှ ပြည်သူ ၅၁၇ ဦးအတွက် နိုင်ငံတော်မှ ငွေကျပ်သိန်းပေါင်း ၉၀၄၇၅၀၀၀၀ ပေးအပ်ပြီး ကလောခရိုင် တစ်ခရိုင်လုံးအနေဖြင့် ရေဘေးသင့်လုံးဝပျက်စီးနေအိမ် ၂၇၉ အိမ်၊ တစ်စိတ်တစ်ပိုင်းပျက်စီးနေအိမ် ၁၁၁၅၈ အိမ်အတွက် နိုင်ငံတော်မှ စုစုပေါင်းကျပ်သန်း ၃၂၈၉ ဒသမ ၈၅ သန်း ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရွှေမင်းဘုံရပ် အခြေခံပညာ အလယ်တန်းကျောင်းသို့ ရောက်ရှိရာ ကျောင်းအုပ်ဆရာမကြီးက ကျောင်း၏ လိုအပ်ချက်များတင်ပြကာ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

**မောင်မောင်သန်း(တောင်ကြီး)**

# နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး ဂုဏ်မင်းမြောင်ကျေးရွာတွင် အထူးကုသမားတော်ကြီးများ ကွင်းဆင်းဆေးကုသနေမှုနှင့် ကန်လှ- ဥသျှစ်လှိုင်းဆက်လမ်း ကွန်ကရစ်ခင်းခြင်းဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှု

**လယ်ဝေး ဇန်နဝါရီ ၁၁**

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် ယနေ့နံနက် ၈ နာရီက လယ်ဝေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇင်မင်းကို၊ လယ်ဝေးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူရ၊ အဖွဲ့ဝင် ဦးဝင်းအောင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ လယ်ဝေးမြို့နယ် မဒေ့ါပင်ကျေးရွာအုပ်စု ဂုဏ်မင်းမြောင်ရွာ ဘုန်းတော်ကြီးကျောင်း၌ နေပြည်တော်ကုသရေးဦးစီးဌာနမှ အထူးကုသမားတော်ကြီးများကဆေးကုသပေးနေမှုများကို ကြည့်ရှုအားပေးသည်။




**စားသောက်ဖွယ်ရာပေးအပ်**

ဦးစွာ နေပြည်တော်ကောင်စီဝင်က ကျေးလက်ပြည်သူများ၏ ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေရန်နှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွား ဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့် ကျန်းမာရေးစောင့်ရှောက်မှုများကို ကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ပြောကြားပြီး ဆေးကုသမှုခံယူနေသည့် ပြည်သူများအား စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက်နေပြည်တော်ကုသရေးဦးစီးဌာနမှ တိုင်းဦးစီးမှူး ဒေါက်တာသန်းနိုင်စိုးဦးဆောင်၍ တိုင်း ကျန်းမာရေးဦးစီးဌာန ပျဉ်းမနား ခုတင် ၂၀၀ ဆေးရုံနှင့် လယ်ဝေး ခုတင် ၁၀၀ ဆေးရုံတို့မှ အထူးကုသမားတော်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများက အရိုးအကြော၊ ခွဲစိတ်၊ ကလေး၊ အထွေထွေ၊ သားဖွားမီးယပ်၊ မျက်စိ၊ သွားရောဂါ ဝေဒနာရှင်များအား ဆေးကုသပေးနေမှုများကို ကြည့်ရှုအားပေးကာ အထူးကုဆရာဝန်ကြီးများအား ဂုဏ်ပြုသစ်သီးခြင်း ပေးအပ်ခဲ့သည်။ (ဝဲပုံ)

အဆိုပါ အထူးကုသမားတော်ကြီးများနှင့်အဖွဲ့သည် ဂုဏ်မင်းမြောင်ရွာနှင့် အနီးဝန်းကျင်ကျေးရွာအုပ်စု ငါးအုပ်စုမှ ဒေသခံပြည်သူ ၄၉၈ ဦးအား ဆေးကုသပေးခဲ့ပြီး ၂၉ ဦး ဆေးရုံသို့ ညွှန်းပို့ကုသခဲ့သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် ဂုဏ်မင်းမြောင်ကျေးရွာ ဂုဏ်စာကြည့်တိုက်သို့ ရောက်ရှိကာ စာကြည့်တိုက်အတွက် ငွေကျပ် ၂၈၀၀၀၀ တန်ဖိုးရှိ သုတရသစာအုပ်များနှင့် အလှူငွေကျပ် ၁၅၀၀၀၀ ကို ပေးအပ်လှူဒါန်းပြီး စာကြည့်တိုက် ဆက်လက်ရှင်သန်ခိုင်မာရေးအတွက် ရပ်မိရပ်ဖများ၊ ပြည်သူများက ဝိုင်းဝန်းကူညီဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင်သည် ဂုဏ်မင်းမြောင်ကျေးရွာ ကွင်းအမှတ် ၁၈၅၇ တောင်သူ ဦးတင်လေး၏ ဆောင်းသီးနှံ မြေပဲစိုက်ခင်း ၁၀ ဧကကို သွားရောက်ကြည့်ရှုပြီး နေပြည်တော်ကောင်စီ အရေးပေါ်ရန်ပုံငွေနှင့် ငွေလုံးငွေရင်းရန်ပုံငွေတို့ဖြင့် လယ်ဝေးမြို့နယ် ကန်လှကျေးရွာမှ ဥသျှစ်လှိုင်းကျေးရွာအထိ ဆက်သည့် လမ်းအရှည် ၁၀ မိုင်ကို ထု ခုနစ်လက်မ၊ လမ်းအကျယ် ၁၂ ပေရှိ ကွန်ကရစ်လမ်းခင်းရန် ဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဝေကြည် (ပြန်/ဆက်)**

*❍ ကျောဖုံးမှ*

ပရိသတ် ၈၁၀၀၀ ကျော် လာရောက်ကြည့်ရှုခဲ့သည်။ အိမ်ရှင်ဒေ့ါမွန်အသင်းသည် လေဗာကူဆင်အသင်းကို ဘောလုံးပိုင်ဆိုင်မှုအသာ၊ ဂိုးပေါက်ခြိမ်းခြောက်မှုအသာနှင့်အတူ ပွဲချိန်အများစု တစ်ဖက်သတ်ဖိအားပေး ကစားနိုင်ခဲ့သည်။ ပြိုင်ဘက် လေဗာကူဆင်အသင်းက ဒေ့ါမွန်အသင်း၏ ဖိအားပေးကစားမှုအောက် ပုံစံကောင်းပျောက်ဆုံးခဲ့သော်လည်း တုံ့ပြန်တိုက်စစ်ဆင်မှုများမှတစ်ဆင့် ရရှိလာသည့် အခွင့်အရေးကို အမိအရအသုံးချနိုင်ခဲ့သည့်အတွက် နိုင်ပွဲဖော်ဆောင်နိုင်ခဲ့သည်။

ဒေ့ါမွန်အသင်းအတွက် သွင်းဂိုးများကို ဂစ်တန်းစ်နှင့် ဂူရာစီတို့က သွင်းယူပေးပြီး လေဗာကူဆင်အသင်းအတွက် သွင်းဂိုးများကို တယ်လာ၊ ပက်ထရစ်ခ်တို့က သွင်းယူပေးခဲ့သည်။ ဒေ့ါမွန်အသင်းသည် ယခုပွဲရှုံးနိမ့်ခဲ့သည့်အတွက် ဘွန်ဒက်စ်လီဂါရှုံးပွဲ ငါးပွဲရှိလာပြီ ဖြစ်သည်။ ပြိုင်ဘက်လေဗာကူဆင်အသင်းက ယခုပွဲနိုင်ပွဲရရှိခဲ့သည့်အတွက် ဘွန်ဒက်စ်လီဂါနိုင်ပွဲ ၁၀ ပွဲရှိလာပြီ ဖြစ်သည်။

လေဗာကူဆင်တိုက်စစ်ကစားသမား ပက်ထရစ်ခ်သည် ယခုနှစ်ရာသီ ဘွန်ဒက်စ်လီဂါတွင် သွင်းဂိုး ၁၁ ဂိုး ရှိလာပြီလည်း ဖြစ်သည်။ လေဗာကူဆင်အသင်းသည် လာမည့်ပွဲစဉ်အဖြစ် ဇန်နဝါရီ ၁၅ ရက်တွင် မိန့်ဇ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ပြိုင်ဘက်ဒေ့ါမွန်အသင်းက ဟိုလ်စတိန်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**

*❑ ကျောဖုံးမှ*

TG United အသင်းက လွတ်လွတ်ကျွတ်ကျွတ် ဦးဆောင်နိုင်ခဲ့ခြင်း ဖြစ်သည်။

ပွဲစဉ် (၅) အပြီးတွင် TG United အသင်းက ၁၂ မှတ်ဖြင့် ဦးဆောင်နေပြီး Pacific Sun Far အသင်းနှင့် 7 Dragon အသင်းတို့က ၁၀ မှတ်စီ၊ JZ Yangon အသင်းက ကိုးမှတ်၊ Black Cross အသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်းက ခုနစ်မှတ်စီ၊ Gold Dream အသင်းနှင့် လက်ဝဲသုန္ဒရအသင်းတို့က ခြောက်မှတ်စီ၊ KKY အသင်းနှင့် Maryar အသင်းတို့က ငါးမှတ်စီ၊ YCDC Marga Youth အသင်းနှင့် 7 Brother အသင်းက သုံးမှတ်စီ ရရှိထားသည်။

**ရဲရင့်လွင်**

# Naypyitaw State Polytechnic University ၌ အခြေခံဆန်းသစ်တီထွင်မှုပြိုင်ပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၁**
ပဉ္စမအကြိမ်မြောက် အာဆီယံ-အိန္ဒိယ အခြေခံဆန်းသစ်တီထွင်မှုဆိုင်ရာဖိုရမ်၏ Innovation Project Competition တွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန် ရည်ရွယ်၍ ကျောင်းသားလူငယ်များ၏ ပြည်တွင်းအဆင့် အခြေခံဆန်းသစ်တီထွင်မှုပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ပုဗ္ဗသီရိမြို့နယ်ရှိ Naypyitaw State Polytechnic University ၌ ကျင်းပသည်။

ဦးစွာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားပြီး Naypyitaw State Polytechnic University ဒုတိယပါမောက္ခချုပ်က ပြိုင်ပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းသည်။

ထို့နောက် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်နှင့် တာဝန်ရှိသူများသည် တက္ကသိုလ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများနှင့် အစိုးရနည်းပညာ အထက်တန်းကျောင်းတို့မှ ကျောင်းသား ကျောင်းသူများ၏ ဆန်းသစ်တီထွင်မှုပရောဂျက်များ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။ (ယာပုံ)

ယနေ့ကျင်းပသည့် ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန် တက္ကသိုလ်ကိုးခုမှ ပရောဂျက် ၄၈ ခု၊ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းသုံးခုမှ ပရောဂျက်လေးခု၊ အစိုးရနည်းပညာအထက်တန်းကျောင်းနှစ်ကျောင်းမှ ပရောဂျက်နှစ်ခု၊ ပရောဂျက် စုစုပေါင်း ၅၄ ခု တင်သွင်းခဲ့သော်လည်း အဖွဲ့ဖြင့် ပဏာမစိစစ်ရွေးချယ်ခဲ့ရာ တက္ကသိုလ်ရှစ်ခုမှ ပရောဂျက် ၁၆ ခု၊ အစိုးရစက်မှုလက်မှုသိပ္ပံသုံးခုမှ ပရောဂျက်လေးခုနှင့် အစိုးရနည်းပညာအထက်တန်းကျောင်း တစ်ကျောင်းမှ ပရောဂျက်တစ်ခု စုစုပေါင်း ပရောဂျက် ၂၁ ခု ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည်။

အဆိုပါပရောဂျက် ၂၁ ခုမှ ပဉ္စမအကြိမ်မြောက် အာဆီယံ-အိန္ဒိယ အခြေခံဆန်းသစ်တီထွင်မှုဆိုင်ရာ



ဖိုရမ်တွင် မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ရန် အဖွဲ့ငါးဖွဲ့ကို ယနေ့ ရွေးချယ်ဆုချီးမြှင့်ကြပြီး နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကရင်ပြည်နယ်ညော့်ရိပ်သာ ၈၅ ရာခိုင်နှုန်းကျော်တည်ဆောက်ပြီးစီး၊ မကြာမီဖွင့်လှစ်နိုင်တော့မည်

**ဘားအံ ဇန်နဝါရီ ၁၁**
ကရင်ပြည်နယ်သို့ နိုင်ငံတော်အဆင့်အကြီးအကဲများ၊ နိုင်ငံတကာမှ အထူးဧည့်သည်တော်များ ရောက်ရှိတည်းခိုနေထိုင်နိုင်ရန် ပြည်နယ်အစိုးရအဖွဲ့ခွင့်ပြုရန်ပုံငွေကျပ် ၆၀၆၁ ဒသမ ၈၂ သန်းဖြင့် ဘားအံတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမအနီး စိန်ပန်းပြာလမ်းနှင့် စိန်ပန်းနီလမ်းထောင့်၌ အဆောက်အဦအထူးအဖွဲ့(၁၃)မှ တာဝန်ယူတည်ဆောက်လျက်ရှိသော ကရင်ပြည်နယ်ဧည့်ရိပ်သာ (၁၅၀ ပေ x ၄၈ ပေ) RC ခြောက်ထပ်အဆောက်အဦနှင့် အခြားဆက်စပ် လုပ်ငန်းများမှာ ယခုအခါ ၈၅ ရာခိုင်နှုန်းကျော် တည်ဆောက်ပြီးစီးနေပြီး မကြာ



မီ ဖွင့်လှစ်နိုင်တော့မည်ဖြစ်သည်။

ထိုသို့ တည်ဆောက်ပြီးစီးနေမှုကို ကရင်ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းက သွားရောက်ကြည့်ရှု စစ်ဆေးရာ အဆောက်အဦအထူးအဖွဲ့ (၁၃)မှ တာဝန်ရှိသူများက ဧည့်ရိပ်သာ အဆောက်အဦ အထူးအချော သတ်လုပ်ငန်း၊ လျှပ်စစ်လုပ်ငန်း၊ ရေသန့်လုပ်ငန်း၊ ဆက်စပ် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်မှာကြားကာ ဧည့်ရိပ်သာ အဆောက်အဦ အချောသတ်လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဧည့်ရိပ်သာနှင့်ဆက်စပ်သော (၅၆ ပေ x ၅၀ပေ)RC နှစ်ခန်းတွဲ လေးထပ် ညွှန်ကြားရေးမှူးအိမ်ရာ အဆောက်အဦနှစ်လုံး တည်ဆောက်ခြင်းလုပ်ငန်းခွင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ထို့နောက်ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ၂၀၂၄-၂၀၂၅ ပြည်နယ်ခွင့်ပြုဘဏ္ဍာရန်ပုံငွေကျပ် ၁၅၆၂ သန်းဖြင့် Youth Centre (၁၄၀ ပေ x ၈၀ ပေ) RC သုံးထပ်အဆောက်အဦ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှု၊ ပြည်နယ် GYM နှင့် စားပွဲတင်တင်းနစ် အားကစားခန်းမအတွင်း အားကစားဝါသနာရှင်များ လာရောက် လေ့ကျင့်ကစားနေမှုနှင့် ရော်ဘာအောက်ခံအခင်းခင်းခြင်းလုပ်ငန်းနှင့် ပြည်နယ်ပြည်သူ့ဆေးရုံကြီး ပရိဝုဏ်အတွင်း အဆောက်အဦအထူးအဖွဲ့ ၁၃ မှ တာဝန်ယူတည်ဆောက်လျက်ရှိသော (၁၇၇ပေ x ၃၄ပေ) RC ခြောက်ခန်းတွဲ လေးထပ် ဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်းလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ၈၅ ရာခိုင်နှုန်းကျော်ပြီးစီးနေမှုနှင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ပခုက္ကူတက္ကသိုလ်၌ အကြိမ်(၂၀)မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

**ပခုက္ကူ ဇန်နဝါရီ ၁၁**
ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ပခုက္ကူတက္ကသိုလ်၌ အကြိမ်(၂၀)မြောက်ဘွဲ့နှင်းသဘင်အခမ်းအနားကို ဇန်နဝါရီ ၁၁ ရက် နံနက် ၉ နာရီကကျင်းပရာ ခေတ္တပါမောက္ခချုပ် ဒေါက်တာတင်ထွန်းအောင်နှင့် ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်ခင်ထွတ်၊ စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ ပညာရေးအဖွဲ့ဝင်များ၊ ဘွဲ့ရမောင်မယ်များနှင့် မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ဦးစွာ ပခုက္ကူတက္ကသိုလ် ခေတ္တပါမောက္ခချုပ်ဒေါက်တာ တင်ထွန်းအောင်က ၂၀၂၃-၂၀၂၄ပညာသင်နှစ်တွင် ကျင်းပသော နေ့သင်တန်းဘွဲ့ရမောင်မယ် ကျောင်းသား ကျောင်းသူ ၂၀၅ ဦးကို ဘွဲ့များအပ်နှင်းသည်။

ထို့အပြင် ပခုက္ကူတက္ကသိုလ် အဝေးသင်သင်တန်း (တတိယအကြိမ်) ဘွဲ့နှင်းသဘင်ခမ်းအနားကို ဇန်နဝါရီ ၁၂ရက်တွင် ဆက်လက်ကျင်းပကာ ၂၀၂၄ ပညာသင်နှစ်တွင် ကျင်းပသော အဝေးသင်သင်တန်း ဘွဲ့ရမောင်မယ် ကျောင်းသား ကျောင်းသူ ၁၅၅ ဦးအား ဘွဲ့များ အပ်နှင်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**




# မိတ္ထီလာမြို့နယ်၌ လူမှုဖူလုံရေး အကျိုးခံစားခွင့်ထုတ်ပေး

**မိတ္ထီလာ ဇန်နဝါရီ ၁၁**
မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် လူမှုဖူလုံရေးရုံး၌ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အလုပ်တွင် ထိခိုက်မှုကြောင့် လုပ်အားဆုံးရှုံးမှုအတွက် အကျိုးခံစားခွင့် ထုတ်ပေးခြင်းကို ဇန်နဝါရီ ၁၁ ရက် နံနက် ၁၀ နာရီက ပေးအပ်သည်။

၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အလုပ်တွင် ထိခိုက်မှုကြောင့် လုပ်အားဆုံးရှုံးမှု




အတွက် အကျိုးခံစားခွင့်ထုတ်ပေးခြင်းကို တိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်ထွန်းက မိတ္ထီလာမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသည့် တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံမှ အာမခံအလုပ်သမား ဦးနန်းကိုအောင်၏ အလုပ်ခွင်အတွင်း မတော်တဆထိခိုက်မှုကြောင့် အမြဲတမ်းလုပ်အားဆုံးရှုံးမှု ၃၀ ရာခိုင်နှုန်း ခုနစ်နှစ်စာ ငွေလုံးငွေရင်း အကျိုးခံစားခွင့် ငွေကျပ် ၂၅၄၀၁၆၀ ကို ကာယကံရှင်ထံသို့ လက်ဝယ်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်**
**(မိတ္ထီလာ)**

# ရွှေကူမြို့၌ ပညာရေးစုံညီပွဲတော်ကျင်းပ

**ရွှေကူ ဇန်နဝါရီ ၁၁**
ကချင်ပြည်နယ် ရွှေကူမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်နှင့် ဆုပေးပွဲကို ယမန်နေ့က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းပညာ့ဂုဏ်ရည်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ယာယီဥက္ကဋ္ဌ မြို့နယ်ရဲမှူး မြင့်ဇော်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်မြတ်နွယ်က ပညာရေးစုံညီပွဲတော် ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့် သင်ထောက်ကူပြိုင်ပွဲ၊ အားကစားပြိုင်ပွဲ၊ စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲများနှင့် ဘာသာရပ်ဆိုင်ရာ ထူးချွန်ပြိုင်ပွဲ စသည့် ဘက်စုံထူးချွန်ဆုရကျောင်းသား ကျောင်းသူများအား ဆုများ ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့/အနောက်)မြို့နယ်များအတွင်း နိုင်ငံသားစိစစ်ရေးကတ်အတု၊ အလုပ်သမားမှတ်ပုံတင်ကတ်အတုနှင့် ရပ်ကွက်/ရဲစခန်းထောက်ခံစာအတုများ ပြုလုပ်ရောင်းချသူ အမျိုးသားသုံးဦးနှင့် အမျိုးသမီးခြောက်ဦးတို့ကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်အတုနှင့် ထောက်ခံစာအတုများအား အခကြေးငွေယူ၍ ပြုလုပ်ရောင်းချလျက်ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးခဲ့ရာ နိုင်ငံသားစိစစ်ရေး ကတ်အတုများရောင်းချသူ တောင်ကြီးမြို့နယ် အေးသာယာမြို့သစ် အမှတ်(၄) ရပ်ကွက်နေ မမေသူခိုင်(၃၄)နှစ် (ဘ)ဦးကျော်ညွန့်အား ဇန်နဝါရီ ၈ ရက် နံနက် ၁၁ နာရီတွင် အမှတ်(၄)ရပ်ကွက် ဗိုလ်တေဇလမ်းပေါ်၌ နိုင်ငံသားစိစစ်ရေးကတ်အတု သုံးခုနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် အေးသာယာ နယ်မြေရဲစခန်း (ပ) ၅/၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ ၄၂၀/၄၆၈ ဖြင့် အမှုရေးဖွင့်ပြီး ကွင်းဆက်တရားခံများ ဖမ်းဆီးရမိနိုင်ရေး ဆက်လက်ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ တရားခံမေသူခိုင်ထံသို့ နိုင်ငံသားစိစစ်ရေးကတ်အတုများအား ပို့ဆောင်ပေးသူ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် အမှတ်(၁၉)ရပ်ကွက်နေ ဖြူသွယ်ထွေး (၂၂)နှစ် (ဘ) ဦးကျော်ညွန့်အား ဇန်နဝါရီ ၈ ရက် ညပိုင်းတွင် လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် အမှတ်(၈)ရပ်ကွက် ရန်ကုန် – ညောင်တုန်းလမ်း၌ ထပ်မံဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ ထွက်ဆိုချက်အရ အဆိုပါနိုင်ငံသားစိစစ်ရေးကတ်အတုများအား ပွဲစားလုပ်ကိုင်သူ ဖမ်းဆီးရန်ကျန် တရားခံ တက်ပု(စိစစ်ဆဲ)ထံသို့ ဖုန်းဖြင့်ချိတ်ဆက်ကာ ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ဆက်လက် စုံစမ်းဖမ်းဆီးခဲ့ရာ ဇန်နဝါရီ ၉ ရက် မွန်းလွဲပိုင်းတွင် ဖမ်းဆီးရန်ကျန်တရားခံ တက်ပု (စိစစ်ဆဲ) မှတစ်ဆင့် နိုင်ငံသားစိစစ်ရေးကတ် အတုလာရောက်ပို့ဆောင်သူ လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် အမှတ်(၁၉) ရပ်ကွက်နေ ဆိုင်ကယ်ဘေးတွဲမောင်းနှင်သူ ဟန်မြင့်ဇော် (ခ) ပြောင်လေး(၄၄)နှစ် (ဘ) ဦးအောင်ခင်အား လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် အမှတ် (၁၅) ရပ်ကွက် ကျန်စစ်သားလမ်း၌ နိုင်ငံသားစိစစ်ရေးကတ် အတုတစ်ခုနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဟန်မြင့်ဇော် (ခ) ပြောင်လေးအား စစ်ဆေးရာ နိုင်ငံသားစိစစ်ရေးကတ်အတုများအား ပွဲစားဖြစ်သူ ဖမ်းဆီးရန်ကျန်တရားခံ တက်ပု(စိစစ်ဆဲ)၏ ချိတ်ဆက်ပေးမှုဖြင့် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် အမှတ်(၁၆) ရပ်ကွက်နေ ဇင်လင်း(ခ)လင်းလင်း (၄၀)နှစ်(ဘ)ဦးဝင်းအေးမှ ပြုလုပ်ရောင်းချပေးခြင်း ဖြစ်ကြောင်း သိရှိရသဖြင့် သွားရောက်ရှာဖွေခဲ့ရာ တရားခံ ဇင်လင်း(ခ) လင်းလင်းအား ယင်းနေ့ မွန်းလွဲပိုင်းတွင် နိုင်ငံသားစိစစ်ရေးကတ်အလွတ် အခု ၁၀၀၊ နိုင်ငံသားစိစစ်ရေးကတ်အတု ပြုလုပ်ရာတွင် အသုံးပြုသည့် Deli တံဆိပ်ပါ Automatic Numbering Machine တစ်ခု၊ အမည်နှင့်ဓာတ်ပုံများပါ နိုင်ငံသားစိစစ်ရေးကတ်အတု ရှစ်ခု၊ အသားတံဆိပ်တုံးရိုက်နှိပ်သည့် တံဆိပ်တုံးတစ်ခု၊ လေဆာတံဆိပ်တုံး မျိုးစုံ ၁၄ ခု၊ အလုပ်သမားမှတ်ပုံတင်ကတ်(အလွတ်) အခု ၂၅၀၀၊ Horse တံဆိပ်ပါ မှင်ခံဘူးနှစ်ခု တို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဇင်လင်း (ခ) လင်းလင်းအား စစ်ဆေးချက်အရ ဇန်နဝါရီ ၉ ရက် ညနေပိုင်းတွင် ၎င်းနှင့် ဆက်သွယ်၍ နိုင်ငံသားစိစစ်ရေးကတ်၊ အလုပ်သမား မှတ်ပုံတင်ကတ်နှင့် ရပ်ကွက်/ရဲစခန်း ထောက်ခံစာအတုများအား တစ်ဆင့်ရောင်းချပေးသူ လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ် အမှတ်(၈) ရပ်ကွက်နေ မြင့်မြတ်ကြည်(ခ)ဝတုတ်(၄၀)နှစ် (ဘ)ဦးကြီးမြင့်၊ တစ်ရပ်ကွက်တည်းနေ စန္ဒာဦး (၄၄)နှစ် (ဘ) ဦးတင်လှနှင့် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် အမှတ် (၁၉) ရပ်ကွက်နေ စိုးမင်းဦး (ခ) ကတုံး(၃၂)နှစ်(ဘ)ဦးဝင်းကြည်တို့ သုံးဦးအား ၎င်းတို့၏ နေအိမ်အသီးသီး၌ လည်းကောင်း၊ ရပ်ကွက်/ ရဲစခန်းထောက်ခံစာပုံစံအတု(အလွတ်)များအား မိတ္တူကူးယူရောင်းချသူ စန်းမော်လွင် (၂၉)နှစ် (ဘ) ဦးဝင်းအောင်အား ရဲစခန်းထောက်ခံစာမျိုးစုံ အတု (အလွတ်) အရွက် ၂၅၀၀၊ ရပ်ကွက် ထောက်ခံစာမျိုးစုံအတု (အလွတ်) အရွက် ၈၀၊ Acer အမျိုးအစား ကွန်ပျူတာတစ်စုံနှင့် ဆက်စပ်ပစ္စည်းများ၊ Printer နှစ်လုံး၊ Scanner တစ်လုံးတို့နှင့်အတူ လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် အမှတ် (၉) ရပ်ကွက်ရှိ မိုးသောက်ပန်းမိတ္တူဆိုင်၌လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။


အမှုမှ ဖမ်းဆီးရမိတရားခံ စိုးမင်းဦး (ခ) ကတုံး၏ ထွက်ဆိုချက်အရယင်းနေ့ညပိုင်းတွင် နိုင်ငံသားစိစစ်ရေးကတ် အတုများ တစ်ဆင့် ပြန်လည်ရောင်းချရန် စေခိုင်းသူ ဖမ်းဆီးရန်ကျန် တရားခံ ပြေသိန်းထိုက်(စိစစ်ဆဲ) နေထိုင်သည့် ထန်းတပင်မြို့နယ် ရိုးလေးကျေးရွာရှိ နေအိမ်အား ရှာဖွေစစ်ဆေးခဲ့ရာ ပြေသိန်းထိုက်အား တွေ့ရှိခြင်းမရှိဘဲ ၎င်း၏ အစ်မဖြစ်သူ မိုးမိုး(၄၈)နှစ်(ဘ) ဦးကျော်ရွှေအား နိုင်ငံသားစိစစ်ရေးကတ်အတု ပြုလုပ်ရာတွင် အသုံးပြုသည့် တံဆိပ်တုံးမျိုးစုံ အခု ၂၅၀၊ အသားတံဆိပ်ရိုက်နှိပ်သည့် တံဆိပ်တုံးတစ်ခုတို့နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ဇင်လင်း (ခ)လင်းလင်းပါ တရားခံကိုးဦး တို့၏ထွက်ဆိုချက်များအရ နိုင်ငံသား စိစစ်ရေးကတ်အတု၊ အလုပ်သမား မှတ်ပုံတင်ကတ်အတုနှင့် ရပ်ကွက်/ရဲစခန်း ထောက်ခံစာ အတုများအား ဇင်လင်း (ခ) လင်းလင်း၊ ထန်းတပင်မြို့နယ်နေ ဖမ်းဆီးရန်ကျန်တရားခံ ကုလားကြီး(ခ)ဂျင်မီသောင်း(စိစစ်ဆဲ)နှင့် ပြေသိန်းထိုက် (စိစစ်ဆဲ) တို့မှ ပြုလုပ်ပေးခဲ့ပြီး ပွဲစားဖြစ်သူ ဖမ်းဆီးရန်ကျန်တရားခံ တက်ပု (စိစစ်ဆဲ)နှင့်ချိတ်ဆက်၍ အဆိုပါ နိုင်ငံသားစိစစ်ရေးကတ်အတုနှင့် အလုပ်သမားမှတ်ပုံတင် အတုများအား တစ်ကတ်လျှင် ငွေကျပ် ၃၀၀၀၀ ဖြင့် တစ်ဆင့်ရောင်းချပေးခဲ့ရာ ကျန်တရားခံများမှ ဝယ်ယူသူများသို့ ပို့ဆောင်ရောင်းချပေးခဲ့ခြင်း ဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် နိုင်ငံသားစိစစ်ရေးကတ်အတု၊ အလုပ်သမား မှတ်ပုံတင်ကတ်အတုနှင့် ရပ်ကွက်/ရဲစခန်းထောက်ခံစာ အတုများ ပြုလုပ်ရောင်းချသူ ဖမ်းဆီးရမိတရားခံ ဇင်လင်း(ခ) လင်းလင်းပါ ကိုးဦးတို့အား ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိပြီး ဖမ်းဆီးရန်ကျန် တရားခံများအား ဖမ်းဆီးရမိနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့/အနောက်)မြို့နယ်များအတွင်း နိုင်ငံသားစိစစ်ရေးကတ်များ၊ အလုပ်သမားမှတ်ပုံတင်ကတ်များနှင့် ရပ်ကွက်/ရဲစခန်းထောက်ခံစာများ အတုပြုလုပ်ရောင်းချသူ အမျိုးသား သုံးဦးနှင့် အမျိုးသမီး ခြောက်ဦးတို့ကို ဖမ်းဆီးရမိမှု






ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့/အနောက်) မြို့နယ်များအတွင်း နိုင်ငံသားစိစစ်ရေးကတ်အတု၊ အလုပ်သမားမှတ်ပုံတင်ကတ်အတုနှင့် ရပ်ကွက်/ရဲစခန်းထောက်ခံစာအတုများ ပြုလုပ်ရောင်းချသူ အမျိုးသားသုံးဦးနှင့် အမျိုးသမီးခြောက်ဦးတို့ကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။



လက်ဘနွန်နိုင်ငံ သမ္မတသစ် ဂျိုးဆက်ဖ်အာဝင်။

## လက်ဘနွန်နိုင်ငံ သမ္မတသစ် အာဝင် ဆော်ဒီအာရေဗျနိုင်ငံသို့ ပထမဆုံးနိုင်ငံခြားခရီးစဉ် သွားရောက်မည်

**ဘေရွတ် ဇန်နဝါရီ ၁၁**

ရွေးကောက်ခံလက်ဘနွန်နိုင်ငံ သမ္မတသစ် ဂျိုးဆက်ဖ်အာဝင်သည် ဆော်ဒီအိမ်ရှေ့မင်းသားနှင့် ဝန်ကြီးချုပ် မိုဟာမက်ဘင်ဆယ်မန်အယ်အာဆက်၏ ဖိတ်ကြားချက်အရ ဆော်ဒီအာရေဗျနိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း ဇန်နဝါရီ ၁၁ ရက်တွင် ကြေညာသည်။

ဆော်ဒီအိမ်ရှေ့မင်းသားသည် အာဝင်နှင့် ဖုန်းပြောဆိုချိန်တွင် ယင်းသို့ဖိတ်ကြားခဲ့ခြင်းဖြစ်ကြောင်း လက်ဘနွန်သမ္မတ၏ ထုတ်ပြန်ချက်အရ သိရသည်။ သမ္မတအာဝင်က ဖိတ်ကြားချက်ကို လက်ခံခဲ့ပြီး ယခုခရီးစဉ်သည် ၎င်းသမ္မတဖြစ်ချိန် ပထမဆုံးနိုင်ငံခြားခရီးစဉ်ဖြစ်ကြောင်း၊ လက်ဘနွန်နိုင်ငံကို ထောက်ပံ့ရာတွင် ဆော်ဒီ၏ အဓိကကျသော အခန်းကဏ္ဍကို မီးမောင်းထိုးဖော်ပြထားသည်။

ဖုန်းပြောဆိုရာတွင် ဆော်ဒီအိမ်ရှေ့မင်းသားက အာဝင်အား သမ္မတအဖြစ် ရွေးကောက်ခံရခြင်းကို ဂုဏ်ယူမိကြောင်း ပြောကြားသည်။ ထို့ပြင် နှစ်နိုင်ငံခေါင်းဆောင်များသည် လတ်တလောဖွံ့ဖြိုးတိုးတက်မှုများနှင့် နှစ်နိုင်ငံဆက်ဆံရေးခိုင်မြဲစေမည့် နည်းလမ်းများကိုလည်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

လက်ဘနွန်နိုင်ငံ၏ တပ်မတော်အကြီးအကဲဟောင်း အာဝင်သည် လွှတ်တော်မဲ ၁၂၈ မဲ အနက် ၉၉ မဲဖြင့် ဇန်နဝါရီ ၉ ရက်က လက်ဘနွန်နိုင်ငံ၏ ၁၄ ဦးမြောက်သမ္မတအဖြစ် ရွေးကောက်ခံရကြောင်း သိရသည်။ **ဆင်ဟွာ**

## အာဖဂန်နစ္စတန်နိုင်ငံ၌ တရားမဝင်မူးယစ်ဆေးဝါး ၆၄ ကီလိုဂရမ်နှင့် သံသယရှိသူ ၁၇ ဦး ဖမ်းဆီးထိန်းသိမ်း

**ကဘူးလ် ဇန်နဝါရီ ၁၁**

အာဖဂန်နစ္စတန်နိုင်ငံ၏ ပြည်နယ်နှစ်ခု၌ မူးယစ်ဆေးဝါးနှိမ်နင်းရေးရဲတပ်ဖွဲ့က စိတ်ကြွဆေးအပါအဝင် တရားမဝင် မူးယစ်ဆေးဝါး ၆၄ ကီလိုဂရမ်ကို ဖော်ထုတ်တွေ့ရှိပြီး မူးယစ်ဆေးဝါး မှောင်ခိုကူးသူဟု သံသယရှိသူ ၁၇ ဦးကို ဖမ်းဆီးခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ဇန်နဝါရီ ၁၁ ရက် ထုတ်ပြန်ချက်တွင် ပြောကြားသည်။

**ဆင်ခြေဖုံးများတွင် သိမ်းဆည်းရမိ**

အာဖဂန်နစ္စတန်နိုင်ငံ နန်ဂါဟာပြည်နယ် အရှေ့ပိုင်းနှင့် ခွန်ဒပ်ဇ်ပြည်နယ်မြောက်ပိုင်းတို့ရှိ ဆင်ခြေဖုံးများတွင် ရဲတပ်ဖွဲ့က သီးခြားစစ်ဆင်ရေးများ ပြုလုပ်ခဲ့ရာ စိတ်ကြွဆေး ၄၃ ကီလိုဂရမ်နှင့် ဆေးခြောက် ၂၁ ကီလိုဂရမ်ကို သိမ်းဆည်းရမိကြောင်း ထုတ်ပြန်ချက်တွင် ပြောကြားသည်။

**နန်ဂါဟာပြည်နယ်၌ ၁၀ ဦး ဖမ်းဆီး**

အဆိုပါ လုပ်ငန်းဆောင်ရွက်စဉ်အတွင်း နန်ဂါဟာပြည်နယ်၌ မူးယစ်ဆေးဝါးကုန်ကူးခြင်းစွဲချက်ဖြင့် ၁၀ ဦးနှင့် ခွန်ဒပ်ဇ်ပြည်နယ်၌ မူးယစ်ဆေးဝါးမှောင်ခိုကူးခြင်းဖြင့် ဆက်စပ်သူခုနစ်ဦးကို ဖမ်းဆီးခဲ့ကြောင်း ထုတ်ပြန်ထားသည်။

**မူးယစ်ဆေးဝါးခြိမ်းခြောက်မှု အန္တရာယ်ကို တိုက်ဖျက်မည်ဟု ကတိပြု**

အာဖဂန်အိမ်စောင့်အစိုးရသည် ဘိန်းစိုက်ပျိုးမှုကင်းစင်သည့်နိုင်ငံဖြစ်သည့်တိုင်အောင် မူးယစ်ဆေးဝါးခြိမ်းခြောက်မှုအန္တရာယ်ကို တိုက်ဖျက်မည်ဟု ကတိပြုကာ တရားမဝင်မူးယစ်ဆေးဝါးများနှင့် လုပ်ငန်းများတွင် ပါဝင်ပတ်သက်သူများကို နှိမ်နင်းရေး အရှိန်မြှင့်ပြုလုပ်လျက်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

## အမေရိကန်၌ တောမီးကြောင့် လူ ၁၁ ဦး သေဆုံးပြီး ၁၅၀၀၀၀ ကျော် ဘေးလွတ်ရာ တိမ်းရှောင်

### မီးလောင်မှုကြောင့် စီးပွားရေးဆုံးရှုံးမှု အမေရိကန်ဒေါ်လာ ဘီလီယံ ၁၅၀ ရှိနိုင်

**လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၁၁**

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့၌ တောမီးလောင်ကျွမ်းမှုကြောင့် ၁၁ ဦး သေဆုံးပြီး လူပေါင်း ၁၅၀၀၀၀ ကျော်မှာ ဘေးလွတ်ရာ တိမ်းရှောင်နေကြရကြောင်း တာဝန်ရှိသူများက ပြောသည်။

အဆိုပါ တောမီးသည် မန်ဟက်တန်မြို့၏ နှစ်ဆကျော်ကြီးမားသောဒေသကို လောင်ကျွမ်းခဲ့ပြီး လော့စ်အိန်ဂျလိစ် သမိုင်းတစ်လျှောက် အဆိုးရွားဆုံး မီးလောင်မှုအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ထို့အပြင် ယင်းတောမီးသည် အဆောက်အအုံ ၁၀၀၀၀ ခန့်ကို မီးလောင်ပျက်စီးသွားခဲ့ကြောင်း ၎င်းက ဆိုသည်။



လော့စ်အိန်ဂျလိစ်မြို့၌ တောမီးလောင်ကျွမ်းမှုကို ဝေဟင်မှတွေ့မြင်ရစဉ်။

မီးလောင်မှုကြောင့် ဖြစ်ပေါ်လာသော စီးပွားရေးဆုံးရှုံးမှုမှာ အမေရိကန်ဒေါ်လာ ဘီလီယံ ၁၅၀ ရှိနိုင်သည်ဟု အမေရိကန် မိုးလေဝသ ခန့်မှန်းတွက်ချက်သည့် ကုမ္ပဏီ Accu Weather က ပြောသည်။

ဒေသခံအချို့မှာ မီးလောင်မှုဖြစ်ပွားသော ဒေသများသို့ ပြန်လည် ရောက်ရှိလာကြသည်။ ဒေသခံများသည် လေထုညစ်ညမ်းမှုဒဏ်များကိုလည်း ခံစားနေကြရကြောင်း သိရသည်။

လေထုညစ်ညမ်းမှု သိပ်သည်းဆသည် မြို့လယ်ကောင်ဒေသ၌ အမြင့်ဆုံးဖြစ်သည်ဟု လော့စ်အိန်ဂျလိစ်တိုင်းမ်နေ့စဉ်သတင်းစာတွင် ဖော်ပြထားသည်။ **အင်န်အိတ်ချ်ကေ**

## သီရိလင်္ကာနိုင်ငံက ၂၀၂၄ ခုနှစ်တွင် ခရီးသွားလုပ်ငန်းမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၇ ဘီလီယံခန့် ရရှိ

**ကိုလံဘို ဇန်နဝါရီ ၁၁**

သီရိလင်္ကာနိုင်ငံသည် ၂၀၂၄ ခုနှစ်တွင် ခရီးသွားလုပ်ငန်းမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၇ ဘီလီယံခန့်ရရှိကြောင်း သီရိလင်္ကာဗဟိုဘဏ် (စီဘီအက်စ်အယ်) ၏ နောက်ဆုံးထုတ်ပြန်သော ကိန်းဂဏန်းများအရ သိရသည်။



သီရိလင်္ကာနိုင်ငံ အထင်ကရနေရာတစ်ခု၌ ကမ္ဘာလှည့်ခရီးသွားများ အမှတ်တရဓာတ်ပုံရိုက်စဉ်။

ယင်းမှာ ၂၀၂၃ ခုနှစ်က ခရီးသွားလုပ်ငန်းမှရရှိသော ဝင်ငွေပမာဏနှင့် နှိုင်းယှဉ်လျှင် ၅၃ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်လာသည်ဟု သိရသည်။ ထို့ပြင် သီရိလင်္ကာနိုင်ငံသို့ ၂၀၂၄ ခုနှစ်အတွင်း ကမ္ဘာလှည့်ခရီးသွား နှစ်သန်းကျော် လာရောက်လည်ပတ်ခဲ့ပြီး ၂၀၂၃ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ၃၈ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်လာကြောင်း စီဘီအက်စ်အယ်၏ အချက်အလက်များတွင် ဖော်ပြထားသည်။

သီရိလင်္ကာအစိုးရသည် ၂၀၂၅ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသွား သုံးသန်းကို ဆွဲဆောင်ကာ ခရီးသွားလုပ်ငန်းမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ငါးဘီလီယံရရှိရေး မျှော်မှန်းထားလျက်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

## ဂျပန်နိုင်ငံ၌ ၁၉၉၉ ခုနှစ်နောက်ပိုင်း တုပ်ကွေးဖြစ်ပွားမှု စံချိန်တင်ဖြစ်ပွား

**တိုကျို ဇန်နဝါရီ ၁၁**

ဒီဇင်ဘာလ နောက်ဆုံးပတ်တွင် ဂျပန်နိုင်ငံတစ်ဝန်း သတ်မှတ်ထားသော ဆေးဘက်ဆိုင်ရာ အဖွဲ့အစည်းများမှ တုပ်ကွေးဖြစ်ပွားသော လူနာအရေအတွက်ကို အစီရင်ခံဖော်ပြခဲ့မှုမှာ လက်ရှိမှတ်တမ်း စတင်ကောက်ယူသည့် ၁၉၉၉ ခုနှစ်နောက်ပိုင်း အမြင့်ဆုံးပမာဏဖြစ်ကြောင်း ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ဒီဇင်ဘာ ၂၉ ရက်အထိ သီတင်းတစ်ပတ်အတွင်း ကျန်းမာရေးအဖွဲ့အစည်း ၅၀၀၀ ခန့်မှ အစီရင်ခံ ဖော်ပြထားသော တုပ်ကွေးလူနာအရေအတွက်မှာ ၃၁၇၈၁၂ ဦးရှိပြီး အဖွဲ့အစည်းတစ်ခုလျှင် ပျမ်းမျှ ၆၄ ဒသမ ၃၉ ဦးရှိကာ သတ်မှတ်ထားသည့် သတိပေးအဆင့် ၃၀ ကို ကျော်လွန်ခဲ့ကြောင်း အဆိုပါဝန်ကြီးဌာနက ပြောသည်။

ဂျပန်နိုင်ငံ အနောက်တောင်ပိုင်းရှိ အိုအိတာခရိုင်၌ ဆေးခန်းတစ်ခုလျှင် တုပ်ကွေးဖြစ်ပွားသူ ၁၀၄ ဒသမ ၈၄ ဦးဖြင့် အများဆုံးဖြစ်ကြောင်း သိရသည်။ တုပ်ကွေးဖြစ်ပွားသူ အရေအတွက် မြင့်တက်လာသောကြောင့် ရောဂါကူးစက်ဖြစ်ပွားမှုကို ကာကွယ်ရန် နှာခေါင်းစည်းများ တပ်ဆင်ကြရန်နှင့် လက်ကိုသေချာစွာ ဆေးကြောကြရန် ပြည်သူများကို ကျန်းမာရေးတာဝန်ရှိသူများက တိုက်တွန်းထားသည်။ **ဆင်ဟွာ**



# ပွင့်လင်းရာသီရောက်လာပြီ မီးဘေးအန္တရာယ် သတိပြုကာကွယ်

မျိုးမြတ်မိုး(MANA)

**မြန်မာနိုင်ငံတွင် ပွင့်လင်းရာသီသို့ ရောက်ရှိလာမှုနှင့်အတူ မီးလောင်မှုများလည်း ဒေသအနှံ့အပြား၌ မကြာခဏဖြစ်ပေါ်လေ့ရှိသည်။ မီးလောင်မှုအများစုသည် လျှပ်စစ်မီး၊ ပေါ့ဆမီးနှင့် မီးဖိုမီးများဖြစ်သော်လည်း စက်ရုံ၊ အလုပ်ရုံ မီးလောင်မှုများ၊ လောင်စာဆီတင်သင်္ဘော မီးလောင်မှုနှင့် မော်တော်ယာဉ် မီးလောင်မှုများလည်း ဖြစ်ပွားခဲ့သည်။ လူတိုင်း၏ လက်တစ်ကမ်းအကွာတွင် ရှိနေသော မီးဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်ခြင်းကသာ အကောင်းဆုံးဖြစ်ကြောင်း ညွှန်ပြလျက်ရှိသည်။**

မီးသည် သုံးတတ်လျှင် မိတ်ဆွေဖြစ်သော်လည်း မသုံးတတ်ပါက ရန်သူဖြစ်၍ **လူခိုးလျှင် အစုတ်ကျန်၊ မီးခိုးလျှင် အပြုတ်နံ့**ဟု ပြောဆိုလေ့ရှိသည်။ ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သူဟူသော ရန်သူမျိုးငါးပါးတွင်လည်း မီးဘေးအန္တရာယ်ကို ထည့်သွင်းသတ်မှတ်ထားကြသည်။ ယနေ့ကာလတွင် နိုင်ငံတစ်ဝန်းရှိ မြို့ကြီးပြကြီးများ၌ ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ အထပ်မြင့် လူနေအဆောက်အအုံများ၊ လူနေရပ်ကွက်အသစ်များ ပို၍များပြားလာသည်။ သို့ရာတွင် အိုးအိမ်အဆောက်အအုံများ နီးကပ်စွာတည်ဆောက်ထားခြင်း၊ လျှပ်စစ်ပစ္စည်းအသုံးပြုမှု များပြားခြင်း၊ မီးလောင်ပေါက်ကွဲစေတတ်သည့်ပစ္စည်း၊ လောင်စာများကို ရပ်ကွက်များအတွင်း တရားမဝင် သိုလှောင်ရောင်းချခြင်းတို့ကြောင့် မီးလောင်မှုကို ပိုမိုဖြစ်ပွားစေနိုင်ပြီး မီးလောင်ပါကလည်း ဆုံးရှုံးမှုကြီးမားလေ့ရှိသည်။

မြန်မာနိုင်ငံတွင် မီးလောင်မှုများ နှစ်စဉ်ဖြစ်ပွားလျက်ရှိရာ မီးသတ်ဦးစီးဌာန၏ မှတ်တမ်းများအရ ၂၀၁၃ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ ၁၀ နှစ်တာကာလအတွင်း မီးလောင်မှုပေါင်း ၁၈၃၃၆ ကြိမ် ဖြစ်ပွားခဲ့သည်။ နိုင်ငံတစ်ဝန်းလုံး နှစ်စဉ်မီးလောင်မှုအကြိမ်ရေ ပျမ်းမျှအားဖြင့် တစ်နှစ်လျှင် အကြိမ်ရေ ၁၈၀၀ ခန့် ဖြစ်ပွားပြီး ဆုံးရှုံးမှုအနေဖြင့် နှစ်စဉ် ကျပ် ၁၅ ဘီလီယံခန့် ဆုံးရှုံးလျက်ရှိနေသည်။ ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအထိ ကိုးလအတွင်း နိုင်ငံတစ်ဝန်း၌ မီးလောင်မှု ၉၅၃ ကြိမ် ဖြစ်ပွားခဲ့ပြီး လူ ၇၆ ဦး သေဆုံးခဲ့သည်။ လျှပ်စစ်မီး၊ ပေါ့ဆမီးနှင့် မီးဖိုမီးများသည် အကြိမ်ရေအများဆုံးဖြစ်ကြောင်း သိရသည်။ မီးလောင်မှုကြောင့် လူသေဆုံးသည်အထိ ဖြစ်ပွားခဲ့ရသည့်ကိစ္စများမှာ ဝမ်းနည်းဖွယ်ဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာ မီးလောင်မှုမှတ်တမ်းများအရ မီးလောင်မှုကြောင့် သေဆုံးသူအားလုံး၏ ၈၂ ဒသမ ၇ ရာခိုင်နှုန်းသည် လူနေအိမ်အဆောက်အအုံ မီးလောင်မှုကြောင့်ဖြစ်သည်။ မီးလောင်ဒဏ်ရာများ၏ ၆၁ ရာခိုင်နှုန်းသည်လည်း အဆိုပါ မီးလောင်မှုများကြောင့်ဖြစ်ကြောင်း သိရသည်။ မီးဖိုမီးကြောင့် ဖြစ်ပွားတတ်သော မီးလောင်မှုများကို ကြိုတင်ကာကွယ်ရန်အတွက် မီးဖိုအနီး လူစောင့်ထားရှိခြင်း၊ လောင်စာဆီများမထားခြင်း၊ အိုမင်းမစွမ်းသူများ၊ ကလေးငယ်များအား မီးမွှေးခြင်း၊ ထမင်းချက်ခြင်း၊ ရေနွေးကျိုခြင်းများ မပြုလုပ်ခိုင်းခြင်း၊ မီးဖိုနံဘေးနှင့် အမိုး/နံရံများအကြား လုံလောက်သော အပူခံအကာအရံများထားရှိခြင်းတို့ကို အလေးထားလုပ်ဆောင်သင့်သည်။

မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် ဘေးအန္တရာယ်များအနက် မီးဘေးအန္တရာယ်ဖြစ်ပွားမှုသည် ၇၀ ရာခိုင်နှုန်းရှိသည်။ မီးလောင်မှုများအနက် အများပြည်သူများ၏ ပေါ့ဆမှုကြောင့် လောင်ကျွမ်းသည့်မီးသည် အများဆုံးဖြစ်ကာ လျှပ်စစ်မီးကြောင့် လောင်ကျွမ်းသည့်မီးသည် ဒုတိယအများဆုံး ဖြစ်သည်။ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့အနေဖြင့် မီးဘေးကို ကြိုတင်ကာကွယ်နိုင်ရန် ပညာပေးလှုံ့ဆော်မှုများ၊ တိုက်တွန်းမှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ပြည်သူလူထုတစ်ရပ်လုံးကလည်း "မီးဘေးရှောင် မလောင်ခင်တား"ဆိုသကဲ့သို့ မီးဘေးအန္တရာယ်ကာကွယ်ရေးကို ပူးပေါင်းဆောင်ရွက်ရန်လိုသည်။ တာဝန်ရှိသူများအနေဖြင့်လည်း မီးလောင်မှုကြောင့်ဆုံးရှုံးမှုလျော့နည်းစေရေးနှင့် မီးဘေးလုံခြုံသည့် စနစ်တစ်ရပ် ဖြစ်ပေါ်လာရေး၊ အများပြည်သူများ မီးဘေးအန္တရာယ် ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များကို လိုက်နာမှုအားကောင်းလာစေရန် ပညာပေးရေးနှင့် မီးငြိမ်းသတ်ရာတွင် ခေတ်မီနည်းပညာနှင့် ခေတ်မီမီးငြိမ်းသတ်ရေးကိရိယာများ ပိုမိုဖြည့်တင်းရေးတို့ကို တစိုက်မတ်မတ် အကောင်အထည်ဖော်သင့်သည်။



ဒီဇင်ဘာ ၂၉ ရက်က ပြည်ကြီးတံခွန်မြို့နယ် ချမ်းမြရွှေပြည် ယာယီကားကြီးကွင်း၌ မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြသစဉ်။

မြန်မာနိုင်ငံသည် မီးလောင်မှုအကြိမ်ရေနည်းသော်လည်း ဆုံးရှုံးမှုကြီးမားနေဆဲဖြစ်သည်။ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၏ အသွင်သဏ္ဌာန်နှင့် အနှစ်သာရပိုင်း နှစ်ခုစလုံးကို ပြုပြင်ပြောင်းလဲနိုင်ရန် ကြိုးပမ်းအားထုတ်ခဲ့သည်။ လူအင်အား၊ ပစ္စည်းအင်အားနှင့် ဖွံ့ဖြိုးလာသည့် မီးငြိမ်းသတ်ခြင်းဆိုင်ရာ နည်းပညာများကို ဖြည့်တင်းခဲ့ရာ ပြည်ပထောက်ပံ့ချေးငွေဖြင့် အထပ်မြင့် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးယာဉ်များ၊ မီးငြိမ်းသတ်ရေးယာဉ်များနှင့် မီးသတ်အထောက်အကူပြုယာဉ်များကို ဖြည့်တင်းနိုင်ခဲ့သည်။ ၂၀၁၈ ခုနှစ် နောက်ပိုင်းတွင် အထပ်မြင့် အဆောက်အအုံများ၌ ဖြစ်ပွားခဲ့သော မီးလောင်မှုများကို ထိရောက်စွာ ငြိမ်းသတ်နိုင်ခဲ့ခြင်းဖြစ်သည်။ လူဦးရေများပြားသည့် ရန်ကုန်မြို့တွင်သာမက နေထိုင်ရာပတ်ဝန်းကျင် မည်သည့်နေရာမဆို လူတိုင်းအထူးဂရုပြု လိုက်နာသင့်သည့် အလေ့အကျင့်များတွင် မီးဘေးအန္တရာယ်ကင်းရှင်းရေး လုပ်ဆောင်ချက်များသည်လည်း အထူးအရေးကြီးသည်။ ရန်ကုန်မြို့အတွင်း နှစ်စဉ်ဖြစ်ပွားခဲ့သည့် မီးလောင်မှုအများစုမှာ လျှပ်စစ်ဝိုင်ယာနှင့် ပတ်သက်သည့် မီးလောင်မှုသည် အများဆုံးဖြစ်ပွားခဲ့ကြောင်း မီးသတ်ဦးစီးဌာန၏ ထုတ်ပြန်ချက်စာရင်းများအရ သိရသည်။

ရန်ကုန်မြို့တွင်းရှိတိုက်ခန်းအများစုတွင်တပ်ဆင်ထားသည့် ဝိုင်ယာကြိုးများသည် အရည်အသွေးမပြည့်မီခြင်း၊ သုံးစွဲသည့်ဝန်နှင့် အားမမျှခြင်းတို့ကြောင့် လျှပ်စစ်နှင့်ပတ်သက်၍ မီးလောင်မှုများ မကြာခဏ ဖြစ်ပွားနေသည်။ မီးဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အရေးပေါ် ထွက်ပေါက်များ၊ လှေကားများ၏ အခန်းကဏ္ဍသည်လည်း အရေးကြီးသည်။ တိုက်ခန်းအများစုတွင် အရေးပေါ်လှေကားနှင့် အိမ်ရှေ့လှေကားများတွင် အသုံးမလိုသည့် ပစ္စည်းများ စုပုံထားရှိခြင်းကြောင့် အရေးပေါ် အခြေအနေများ ဖြစ်လာသည့်အခါ အတက်အဆင်း ပြုလုပ်ရန်ပင် ခက်ခဲသည်။

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရာတွင် အိမ်တွင်းအိမ်ပြင် သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ထင်းမီးဖို၊ မီးသွေးမီးဖိုများကို အကာအရံဖြင့် အသုံးပြုခြင်း၊ မီးဖိုဘေးတွင် မီးအလွယ်တကူလောင်ကျွမ်းစေသောပစ္စည်းများ မထားခြင်း၊ ဂတ်စ်မီးဖိုများ လုံခြုံမှု ရှိ မရှိ ပုံမှန်စစ်ဆေးခြင်း၊ လျှပ်စစ်ဝိုင်ယာကြိုးများ ဟောင်းနွမ်းနေပါက အသစ်လဲလှယ်ခြင်း၊ အိမ်စောင့်မရှိလျှင် လျှပ်စစ်မိန်းခလုတ်ချပြီးမှ ပြင်ပသို့ ထွက်ခွာခြင်း၊ မီးဖိုအသုံးပြုစဉ် လူစောင့်အမြဲထားရှိခြင်း၊ ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ အမွှေးတိုင်များ ထွန်းညှိပြီးပါက မီးငြိမ်းသတ်ခြင်းကို မပျက်မကွက်ပြုခြင်း၊ မီးကြွင်းမီးကျန်များကို ရေဖြင့်သေချာအောင် ငြိမ်းသတ်ခြင်း စသည့်ကြိုတင်ကာကွယ်မှုအရပ်ရပ် အားကောင်းလျှင် မီးဘေးအန္တရာယ် ကင်းလွတ်ပေမည်။ အထူးသဖြင့် မီးစလောင်ပါက ငြိမ်းသတ်နိုင်ရန် မီးသတ်ဘူး၊ ရေ၊ သဲ၊ မီးချိတ်၊ မီးကပ် အသင့်ဆောင်ထားရန် လိုသည်။

မီးစတင်လောင်ကျွမ်းရာ အခြေခံအကြောင်းတရားများမှာ ပေါ့ဆမီး၊ ဝိုင်ယာရှော့မီး၊ လျှပ်စစ်ဝန်နှင့်အားမမျှ၍ အပူလွန်ကဲလောင်သော မီး၊ မီးကြွင်းမီးကျန်မှ လောင်သောမီး၊ ဂတ်စ်အိုးမလုံသဖြင့် လောင်သောမီး၊ ဆေးလိပ်မီးမှအစ တောမီးလောင်ကျွမ်းမှုအထိ အမျိုးမျိုးရှိသည်။ မီးစတင်လောင်ကျွမ်းပါက အတွင်းကျိတ်မငြိမ်းသတ်ဘဲ ပတ်ဝန်းကျင်ကို ဦးစွာအသိပေးကာ မီးသတ်ဦးစီးဌာနသို့ မပျက်မကွက် အကြောင်းကြားရပေမည်။ မီးလောင်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများခြင်းသည် ကနဦး စတင်မီးလောင်စဉ် ဝိုင်းဝန်းမငြိမ်းသတ်နိုင်ခြင်း၏ အကျိုးဆက်ပင်ဖြစ်သည်။ မီးလောင်နေစဉ် မီးသတ်ယာဉ်များ ဝင်ထွက်နိုင်အောင် လမ်းများရှင်းလင်းခြင်း၊ သက်ကြီးရွယ်အိုများ၊ ကလေးငယ်များ၊ နာမကျန်းသူများကို ဦးစားပေးကယ်တင်ရန် စီစဉ်ထားခြင်း၊ ရပ်ကွက်အလိုက် စုပေါင်းမီးငြိမ်းသတ်ခြင်း၊ မီးလွတ်ရာနေရာတွင် ချထားသည့်ပစ္စည်းများကို လုံခြုံရေးထားရှိခြင်း စသည့် ဇာတ်တိုက်လေ့ကျင့်မှုများပြုထားလျှင် ဆုံးရှုံးမှုသက်သာမည်ဖြစ်သည်။ မီးငြိမ်းသတ်ရေးအဖွဲ့၊ ရွှေ့ပြောင်းရေးအဖွဲ့၊ လမ်းရှင်းလင်းရေးအဖွဲ့၊ လုံခြုံရေးအဖွဲ့များအပြင် ဖြစ်နိုင်ပါက ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များထားရှိပါက ပို၍လွယ်ကူအဆင်ပြေချောမွေ့စွာ ကာကွယ်နိုင်မည်ဖြစ်သည်။

မီးလောင်သည်ကို သိလျှင်သိချင်း တံခါးအမြန်ဖွင့်ပြီး အိမ်ပြင်ထွက်ပေါက် သို့မဟုတ် လှေကားသို့ လေးဖက်ထောက် အမြန်သွားရန် လိုအပ်သည်။ မီးဘေးကြိုတင်ကာကွယ်ရေး သတိပေးဆောင်ပုဒ်များစွာ ရှိပေသည်။ မီးသတိပြု၊ သင့်ကြောင့် မီးမလောင်ပါစေနှင့်၊ မီးဘေးရှောင် မလောင်ခင်တား၊ မီးကြွင်းမီးကျန်သတိပြု၊ ဝိုင်းဝန်းကာကွယ် မီးဘေးအန္တရာယ်၊ အမှိုက်ကစ ပြာသာဒ်မီးလောင်၊ လမ်းလျှောက်ရင်း ဆေးလိပ်မသောက်ပါနှင့်၊ မီးမပေါ့ဆနှင့် အစရှိသည့် ဆောင်ပုဒ်များသည် လူတိုင်းလိုက်နာရမည့် မီးဘေးကြိုတင်ကာကွယ်ရေး သတိပေးဆောင်ပုဒ်များဖြစ်သည်။ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ခြောက်သွေ့ရာသီမတိုင်မီ မီးသတ်ဦးစီးဌာနကဲ့သို့ တာဝန်ရှိသူများလာရောက်စစ်ဆေးစဉ် အစစ်ဆေးခံပြီး အကြံပြုချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်းသည်လည်း ကြိုတင်ကာကွယ်ခြင်းဖြစ်သည်။

မီးလောင်မှုဖြစ်စဉ် ကြီးကြီးမားမား ကြုံတွေ့ရသော နေရာများမှာ သိုလှောင်ရုံများ၊ စက်ရုံ၊ အလုပ်ရုံများ၊ ဈေးများ၊ စက်သုံးဆီအရောင်းဆိုင်များ၊ တရားမဝင် စက်သုံးဆီသိုလှောင်ရာနေရာများပင်ဖြစ်သည်။ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဦးစီးဌာန၏ အကြံပြုချက်နှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်မှသာ မီးဘေးအန္တရာယ် ကင်းဝေးမည်ဖြစ်သည်။ မီးလောင်မှုသည် ခြောက်သွေ့ရာသီတွင် မီးလောင်လွယ်သဖြင့် ပို၍ဂရုစိုက်သင့်သည်။ ပတ်ဝန်းကျင်ရှိ အမှိုက်များ၊ သစ်ရွက်ခြောက်များသည် မီးလောင်လွယ်သော မီးစာများဖြစ်သည်။ အိမ်တွင်း၊ အိမ်ပြင် သန့်ရှင်းရေးသာမက ပတ်ဝန်းကျင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်း၊ အမှိုက်များကို စည်းကမ်းတကျစွန့်ပစ်ခြင်းများသည်လည်း မီးဘေးကြိုတင်ကာကွယ်ခြင်းဖြစ်သည်။ မီးဘေးအန္တရာယ် ကြုံတွေ့ရသည်ရှိသော် ကိုယ်စီအသိစိတ်ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခြင်း၊ မီးသတ်ယာဉ်များ ဆောလျင်စွာ ဝင်ထွက်နိုင်ရေး လမ်းရှင်းလင်းပေးခြင်း၊ မီးသတ်တပ်ဖွဲ့ဝင်များအား ကူညီဆောင်ရွက်ပေးခြင်းတို့ဖြင့် မီးအမြန်ဆုံးငြိမ်းအောင် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**❂ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဦးစီးဌာန၏ အကြံပြုချက်နှင့် အညီ တိတိကျကျ လိုက်နာဆောင်ရွက်မှသာ မီးဘေးအန္တရာယ် ကင်းဝေးမည် ဖြစ်သည်။ မီးလောင်မှုသည် ခြောက်သွေ့ရာသီတွင် မီးလောင်လွယ်သဖြင့် ပို၍ဂရုစိုက်သင့်သည်။ ပတ်ဝန်းကျင်ရှိ အမှိုက်များ၊ သစ်ရွက်ခြောက်များသည် မီးလောင်လွယ်သော မီးစာများဖြစ်သည်။ အိမ်တွင်း၊ အိမ်ပြင် သန့်ရှင်းရေး သာမက ပတ်ဝန်းကျင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်း၊ အမှိုက်များကို စည်းကမ်းတကျစွန့်ပစ်ခြင်းများသည်လည်း မီးဘေးကြိုတင်ကာကွယ်ခြင်းဖြစ်**

# ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner ၊ Air Quality Monitoring Station (AQM–65) ၊ Scentroid (SL – 50 Scential) ၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$) ၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$) ၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

<table>
<tr><th rowspan="2">စဉ်</th><th rowspan="2" colspan="2">ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ် တိုင်းတာသည့်နေရာ</th><th colspan="6">တိုင်းတာသည့် Parameter များ</th></tr>
<tr><th>၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန် အမွှားများ</th><th>၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန် အမွှားများ</th><th>ဆာလဖာ ဒိုင်အောက် ဆိုဒ်</th><th>နိုက်ထရိုဂျင်ဒိုင် အောက်ဆိုဒ်</th><th>အိုဇုန်း</th><th>ကာဗွန်မို နောက်ဆိုဒ်</th></tr>
<tr><td>၁</td><td colspan="8">ပြည်ထောင်စုနယ်မြေ နေပြည်တော်</td></tr>
<tr><td></td><td>၁</td><td>ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၂</td><td colspan="8">ရန်ကုန်တိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သာကေတမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>သန်လျင်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၅</td><td>ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၆</td><td>လှည်းကူးမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၃</td><td colspan="8">မန္တလေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>အမရပူရမြို့နယ်၊ မန္တလေးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ကျောက်ဆည်မြို့</td><td colspan="3">ကောင်းမွန်</td><td>လက်ခံနိုင်သော</td><td colspan="2">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>ပြင်ဦးလွင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၄</td><td colspan="8">စစ်ကိုင်းတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မုံရွာမြို့</td><td colspan="2">လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ကသာမြို့</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td><td>လက်ခံနိုင်သော</td></tr>
<tr><td></td><td>၃</td><td>ဟုမ္မလင်းမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>လဟယ်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၅</td><td colspan="8">တနင်္သာရီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ထားဝယ်မြို့</td><td></td><td colspan="3">ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
<tr><td>၆</td><td colspan="8">ပဲခူးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပဲခူးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၇</td><td colspan="8">မကွေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မကွေးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သရက်မြို့</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
<tr><td>၈</td><td colspan="8">ဧရာဝတီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပုသိမ်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၉</td><td colspan="8">ကရင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>ဘားအံမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>မြဝတီမြို့</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td><td colspan="2">လက်ခံနိုင်သော</td><td colspan="2">ကောင်းမွန်</td></tr>
<tr><td>၁၀</td><td colspan="8">မွန်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>မော်လမြိုင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သထုံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၁၁</td><td colspan="8">ရှမ်းပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>တောင်ကြီးမြို့</td><td></td><td></td><td colspan="2">ကောင်းမွန်</td><td></td><td></td></tr>
<tr><td></td><td>၂</td><td>ကျိုင်းတုံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5"></td></tr>
<tr><td></td><td>၃</td><td>တာချီလိတ်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5"></td></tr>
<tr><td></td><td>၄</td><td>မိုင်းဆတ်မြို့</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
</table>

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

## အလုံမြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း စုံညီပွဲတော်ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၁**

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း သီရိရတနာခန်းမ၌ ၂၀၂၅ ခုနှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲ



အခမ်းအနားကို ဇန်နဝါရီ ၁၁ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲကိုကိုက အမှာစကားပြောကြားပြီး ဆုရရှိသူများအား ဆုများချီးမြှင့်သည်။ ဆက်လက်၍ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းသားကျောင်းသူများက တေးသရုပ်ဖော်များဖြင့် ဖြေဖျော်ကြပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ဆွေဆွေသော်က ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ**

## ကော့မှူးမြို့နယ် လာဝတီကျေးရွာ၌ ကောက်စိုက်စက်ဖြင့် လက်တွေ့သရုပ်ပြစိုက်ပျိုး

**ကော့မှူး ဇန်နဝါရီ ၁၁**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်၌ စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၃၆) စက်မှုလယ်ယာစခန်းတို့ ပူးပေါင်း၍ လာဝတီကျေးရွာရှိ စက်မှုလယ်ယာစနစ်ကျ လယ်ယာမြေကေ(၁၀၀)၌ စက်မှုလယ်ယာစခန်းကော့မှူးမှ KUBOTA ခြောက်တန်းသွား ကောက်စိုက်စက်ဖြင့် လက်တွေ့စိုက်ပျိုးသရုပ်ပြသည်။



ထိုသို့ ခြောက်တန်းသွား ကောက်စိုက်စက်ဖြင့် ကောက်စိုက်ရာတွင် လုပ်ငန်းတွင်ကျယ်၍ ပြီးစီးမှုပိုမြန်ခြင်း၊ စပါးအထွက်နှုန်းကောင်းစေခြင်း၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးထားသည့် စပါးခင်းကို ရိတ်စက်၊ ရိတ်သိမ်းခြွေလှေ့ စက်များဖြင့် အလွယ်တကူ ရိတ်သိမ်းနိုင်သည့် အကျိုးကျေးဇူးများရှိကြောင်း မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဟိန်းက ပြောသည်။

အဆိုပါ စိုက်ပျိုးပွဲသို့ တွံတေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညွှန့်နွယ်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်ဟိန်းနှင့် တာဝန်ရှိသူများ၊ တောင်သူများတက်ရောက်ကြောင်း သိရသည်။ **ကျော်သူရ (ကော့မှူး)**

## ဘားအံမြို့၌ တောမီးနှင့် အခြားမီးများကြောင့် မီးလောင်မှုအရေအတွက်လျှော့ချရေး လုပ်ငန်းညှိနှိုင်း



**ဘားအံ ဇန်နဝါရီ ၁၁**

ကရင်ပြည်နယ် ဘားအံမြို့၌ တောမီးနှင့် အခြားမီးများကြောင့် မီးလောင်မှုအရေအတွက်များပြားနေခြင်းကို လျှော့ချရေးနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရေး ပြည်နယ်အဆင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၅) ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဘားအံခရိုင်ဦးစီးမှူးရုံး၌ ဇန်နဝါရီ ၈ ရက်က ကျင်းပသည်။(ယာပုံ)

ဦးစွာ ကရင်ပြည်နယ် သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းက အမှာစကားပြောကြားပြီး ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းက လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ ပြည်နယ်သယံဇာတရေးရာဝန်ကြီးက ပြည်နယ်အတွင်း မီးလောင်မှုအရေအတွက် ၂၀ ရာခိုင်နှုန်း လျှော့ချနိုင်ရေး လုပ်ငန်းအဖွဲ့ဝင်ဌာနများအလိုက် အောင်မြင်စွာ ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## မင်းလှမြို့ ဇေယျာသီရိဈေး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြ



**အထက်မင်းလှ ဇန်နဝါရီ ၁၁**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ ဇေယျာသီရိဈေး၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောခြင်းနှင့် သရုပ်ပြလေ့ကျင့်ခြင်းကို ဇန်နဝါရီ ၈ ရက်က ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းထွန်းအောင်က ဇေယျာသီရိဈေး မီးဘေးအန္တရာယ်ကင်းဝေးစေရေး ဆွေးနွေးပြောကြားသည်။ ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ဦးကျော်စိုးလင်းက မီးလောင်လျှင် ဆောင်ရွက်ရမည့်နည်းလမ်းများကို အသိပညာပေးဟောပြောသည်။ ဆက်လက်၍ မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက ဇေယျာသီရိဈေးကို မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်ယာဉ်နှစ်စီးဖြင့် သရုပ်ပြသလေ့ကျင့်ခဲ့ပြီး ဈေးအတွင်း၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ရေကန်များ၊ မီးသတ်ဆေးဘူးများ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဇာဇာ(အထက်မင်းလှ)**

## မော်လမြိုင်မြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဆင်း



**မော်လမြိုင် ဇန်နဝါရီ ၁၁**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ)သင်တန်း ၁/၂၀၂၄ သင်တန်းဆင်းပွဲအခမ်းအနားကို ဇန်နဝါရီ ၁၀ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဝင်းနိုင်က သင်တန်းဆင်း အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သင်တန်းသားများအား သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ပြီး သင်တန်းသို့ မြို့နယ်အတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ တက်ရောက်ကာ သင်တန်းကာလကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၀ ရက်အထိ ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

## ပုဇွန်တောင်မြို့နယ် ပညာရေးစုံညီပွဲတော်ကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၁၁**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် မြို့နယ်ပညာရေးမှူးရုံး၏ ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၁၀ ရက်က မြို့နယ်ပညာရေးမှူးရုံး တေဇခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မိုးအောင်က အမှာစကားပြောကြားသည်။ ယင်းနောက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူများ၊ ၂၀၂၄-၂၅ ပညာသင်နှစ်အတွက် မြို့နယ်အဆင့်လူရည်ချွန်ဆုရရှိခဲ့သူများ၊ အပြေးပြိုင်ပွဲဆု၊ ဆို၊ က၊ ရေး၊ တီးဆု၊ ခရစ်ကက်ဆု၊ Royal-D ဘောလုံးပြိုင်ပွဲဆု၊ စာရိတ္တထူးချွန်ဆုများ၊ မူယစ်ဆေးဝါးပြိုင်ပွဲ (ကျပန်း)ဆုရရှိသူများနှင့် အခြားဆုဆွတ်ခူးရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

## ကွမ်းခြံကုန်းမြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်ကျင်းပ

**ကွမ်းခြံကုန်း ဇန်နဝါရီ ၁၁**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံပညာရည် ထူးချွန်ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၁၀ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း သီရိတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကွမ်းခြံကုန်းမြို့နယ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးရဲတင့်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်အေးသန္တာစိုးက ပညာရေးစုံညီပွဲတော် ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားသည်။ ထို့နောက် ဆို၊ က၊ ရေး၊ တီး တိုင်းဒေသကြီးအဆင့်ဆုများ၊ မြို့နယ်အဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ဆုများ၊ မြို့နယ်အဆင့် လူရည်ချွန်ဆုများ၊ စာစီစာကုံးဆုများ၊ အားကစားဆုများ၊ တက္ကသိုလ်ဝင်တန်း အောင်ချက်အကောင်းဆုံးဆုများနှင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းအဖြစ် တိုင်းဒေသကြီးအဆင့် ဆန်ခါတင်ရွေးချယ်ခံရသော ကျောင်းဆု၊ ကျောင်းအုပ်ဆရာမကြီး ခုနစ်ဦးနှင့် ကျောင်းသား ကျောင်းသူ ၈၅ ဦးအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးသည်။ **(အောက်ပုံ)** **ဆွေနွယ်(ပြန်/ဆက်)**



## အထက်စုမြစ်ရေတင်စီမံကိန်း နွေစပါးဧက ၁၀၀ စံပြစိုက်ကွက်နှင့် အောင်မျိုးစနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးနေမှု ကြည့်ရှုအားပေး

**ရန်ကုန် ဇန်နဝါရီ ၁၁**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်တွင် အထက်စုမြစ်ရေတင်စီမံကိန်း နွေစပါးတစ်ဆက်တစ်စပ်တည်း ဧက ၁၀၀ စံပြစိုက်ကွက်နှင့် အောင်မျိုးစနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးနေမှုကို ဇန်နဝါရီ ၁၀ ရက်က မှော်ဘီမြို့နယ် မြစ်ကျိုးကျေးရွာအုပ်စု၌ ပြုလုပ်ရာ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုအားပေးသည်။ **(အောက်ပုံ)**

ဦးစွာ မှော်ဘီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက နွေစပါးစံပြစိုက်ကွက် ဧက ၁၀၀ စိုက်ခင်းကို အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် ထွန်ယက်ခြင်းလုပ်ငန်းများ၊ မျိုးစေ့ချကိရိယာဖြင့် နွေစပါးလက်တွေ့စိုက်ပျိုးခြင်းလုပ်ငန်းများ၊ မျိုးစပါး အချိန်မီရရှိရေးလုပ်ငန်းများ၊ အောင်ရေရရှိရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးကိရိယာနှင့် ပံ့ပိုးပစ္စည်းဓာတ်မြေဩဇာရရှိရေး ကိစ္စများကို ဧက ၁၀၀ စိုက်ပျိုးမည့် ဒေသခံတောင်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။ **ကောင်းမြတ်သူ(မှော်ဘီ)**



## လှည်းကူးမြို့နယ်၌ နွေစပါးစိုက်ပျိုးမည့် တောင်သူများအား သွင်းအားစုများ ပေးအပ်



**ရန်ကုန် ဇန်နဝါရီ ၁၁**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သော နွေစပါးစိုက်တောင်သူများအား သွင်းအားစုများ ဖြန့်ဝေပေးအပ်ပွဲကို ဇန်နဝါရီ ၁၀ ရက်က လှည်းကူးမြို့နယ် မုဆိုးညောင်ပင်ကျေးရွာ လျှပ်စစ်မြေရေတင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းနောင်က သွင်းအားစုများ ပေးအပ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းနောင်နှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး မြို့နယ်အဆင့် ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များက ၂၀၂၄-၂၀၂၅ ခုနှစ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နွေစပါး စိုက်ပျိုးမည့် ကျေးရွာပေါင်း ၁၇ ရွာမှ ဧကပေါင်း ၇၃၀၀ အတွက် ငွေကျပ်သိန်းပေါင်း ၁၄၆၀၀ နှင့် ညီမျှသော သွင်းအားစုများကို တောင်သူများလက်ဝယ်အရောက် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

# (၅၇) ကြိမ်မြောက် ရန်ကုန်တောင်ပိုင်း ကိုးမြို့နယ် သုဓမ္မာနိကာယဝိနည်း စာပြန်ပွဲကျင်းပ

**ကျောက်တန်း ဇန်နဝါရီ ၁၁**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့ ရွှေမှော်ဝန်းသာသနဗိမာန်တော်ကြီး၌ ဇန်နဝါရီ ၁၀ ရက်က (၅၇) ကြိမ်မြောက် ရန်ကုန်တောင်ပိုင်း ကိုးမြို့နယ် “သုဓမ္မာနိကာယဝိနည်း” စာပြန်ပွဲတော် ကျင်းပသည်။

သုဓမ္မာနိကာယဝိနည်းစာပြန်ပွဲကို ရန်ကုန်တောင်ပိုင်း ကိုးမြို့နယ်တို့မှ သံဃာတော် အပါး ၁၂၀ ကြွရောက်စာပြန်တော်မူကြပြီး ဇန်နဝါရီ ၁၀ ရက်မှ ၁၃ ရက်အထိ မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါ စာပြန်ပွဲသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့မင်းကျောင်းပထမပြန်စာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ၊ နိုင်ငံတော်သြဝါဒါစရိယ ကန်မြောင်ကျေးရွာအုပ်စု အရှေ့ကျောင်းတိုက်ကြီးဦးစီးပဓာနနာယက ဆရာတော်ဘဒ္ဒန္တသုန္ဒရ၊ တိုင်းသံဃမဟာနာယကဥက္ကဋ္ဌဆရာတော်ဘဒ္ဒန္တအဂ္ဂသာမိ၊ ကျောက်တန်းမြို့နယ် သံဃနာယကဥက္ကဋ္ဌဆရာတော်ဘဒ္ဒန္တဝါသေဋ္ဌနှင့် အဖွဲ့ဝင်ဆရာတော်များ ကြွရောက်



တော်မူကြပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သိုက်ဝင်း၊ ကျောက်တန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းခန့်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်၊

**ဝင်းစိုး (ကျောက်တန်း)**

# ပြည်မြို့နယ်၌ ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် အခြေခံပညာ Grade-5 နှင့် Grade-9 သင်ကြားသင်ယူမှုထိရောက်ရေး အရည်အသွေးမြှင့်ဆွေးနွေးပွဲသင်တန်းဖွင့်

**ပြည် ဇန်နဝါရီ ၁၁**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာ Grade-5 နှင့် Grade-9သင်ကြား/သင်ယူမှုထိရောက်ရေး အရည်အသွေးမြှင့် ဆွေးနွေးပွဲသင်တန်းဖွင့်ပွဲကို ယမန်နေ့က ပြည်မြို့ အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးကိုကိုဦးက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်နော်အေးမေက ကျောင်းသားလူငယ်မောင်မယ်များ ဗလငါးတန်ဖွံ့ဖြိုးပြီး ဘက်စုံထူးချွန် ထက်မြက်ရေးအတွက် ဆွေးနွေးပွဲကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



အဆိုပါဆွေးနွေးပွဲသင်တန်းသို့ ပြည်မြို့နယ်အတွင်းရှိ ကိုယ်ပိုင်ကျောင်းများ၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများနှင့် အခြေခံပညာကျောင်းများမှ အခြေခံပညာမူလတန်းအဆင့် Grade - 5 သင်ကြားရေး ဆရာ ဆရာမ ၄၆၅ ဦးနှင့် အလယ်တန်းအဆင့် Grade-9 သင်ကြားရေး ဆရာ ဆရာမ ၁၉၈ ဦး စုစုပေါင်း ၆၆၃ ဦး တက်ရောက်ပြီး သင်တန်းတွင် သင်ကြားရေးဆရာဆရာမများအား သင်ထောက်ကူပစ္စည်းများ စနစ်တကျ အသုံးပြု သင်ကြားနည်း၊ စာမေးပွဲမေးခွန်းနမူနာပုံစံဖြင့် လေ့ကျင့်သင်ကြားနည်း၊ ကဗျာ၊ ဂီတ၊ ပန်းချီနှင့် ပြည်သူ့နီတိအပါအဝင် ဘာသာရပ်အစုံ၊ ကဏ္ဍစုံ သင်ကြား/ သင်ယူမှုထိရောက်ရေး အရည်အသွေးမြှင့်သင်ကြားနည်းများကို ဇန်နဝါရီ ၁၀ ရက်မှ ၁၃ ရက်အထိ စာတွေ့/ လက်တွေ့ဆွေးနွေးပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**ကိုဆက် (ပြန်/ဆက်)**

# ဝန်းသိုမြို့နယ်၌ ပညာရေးစုံညီပွဲတော် အခမ်းအနားကျင်းပ

**ဝန်းသို ဇန်နဝါရီ ၁၁**

၂၀၂၄ -၂၀၂၅ ပညာသင်နှစ် အခြေခံပညာအထက်တန်းကျောင်း (ခွဲ) တပ်နယ်မြေ၏ ပညာရေးစုံညီပွဲတော်ကို ယနေ့နံနက်က စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် နယ်မြေခံတပ်ရင်း မဲလခန်းမ၌ ကျင်းပသည်။

ဦးစွာ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး သော်ဇင်နိုင်က အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဒေါ်ချိုချိုမြင့်က ပညာရေးစုံညီပွဲတော် ကျင်းပရခြင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဆုချီးမြှင့်ခြင်းနှင့် ဖျော်ဖြေရေးအစီအစဉ်များကိုပြုလုပ်ရာ ၂၀၂၄- ၂၀၂၅ ပညာသင်နှစ် ကာယ၊ ဉာဏစွမ်းရည်ထူးချွန်ဆုရရှိခဲ့ကြသော ကျောင်းသား ကျောင်းသူများအား နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး သော်ဇင်နိုင်၊ ကောလင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး သိန်းဇော်လင်းနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ခေတ္တဥက္ကဋ္ဌ ရဲမှူး



ကျော်ဆန်းဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခေတ္တမြို့နယ် အုပ်ချုပ်ရေးမှူး ဦးထွန်းအောင်ကျော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်/ မြို့နယ်ပညာရေးမှူးများနှင့် ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများက ဆုချီးမြှင့်ခဲ့ကြပြီး ကျောင်းသား ကျောင်းသူလေးများ၏ တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ပြည်ထောင်စုနေ့အကြို လူငယ်အသိပညာပေး ဟောပြောပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၁**

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်) နှင့် မြို့နယ်အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ပြည်ထောင်စုနေ့အကြို လူငယ်အသိပညာပေးဟောပြောပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲကို ဇန်နဝါရီ ၁၀ ရက်က အင်းစိန်မြို့နယ် အမှတ် (၁၀) အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းကြည်က အမှာစကားပြောကြားပြီး စာပေဥယျာဉ်အသင်းဥက္ကဋ္ဌနှင့် သတင်းစာဆရာအသင်းနာယက၊ စာရေးဆရာ၊ သတင်းစာဆရာဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး) က မကြာမီကျရောက်မည့် ပြည်ထောင်စုနေ့အကြိုအဖြစ် ယနေ့လူငယ်များ လွတ်လပ်ရေးအခွန့်ရှည်ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး စာပေများကို လေ့လာဖတ်ရှုကြရန်နှင့် စာပေမြင့်မှ လူမျိုးတင့်မည်ဖြစ်ကြောင်း ဆွေးနွေးဟောပြောသည်။

ထို့နောက် စာဖတ်စွမ်းရည်ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ဆုရကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဉာဏ်လင်း**



# မိုင်းဖြတ်မြို့မဈေး၌ မီးဘေးကာကွယ်ရေး သရုပ်ပြလေ့ကျင့်

**မိုင်းဖြတ် ဇန်နဝါရီ ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်၌ မြို့မဈေးအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ မီးဘေးလုံခြုံမှုရှိစေရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးဌာနက ပူးပေါင်းဆောင်ရွက်သည့် သရုပ်ပြလေ့ကျင့်ခြင်းကို ယမန်နေ့က မြို့မဈေးအတွင်း ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလှမျိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ ဦးကျော်နိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးခိုင်စိုးဝင်းနှင့် ဝန်ထမ်းများ၊ တာဝန်ရှိသူများက ဈေးဆိုင်ခန်းများအတွင်း မီးစနစ်တကျသုံးစွဲမှု ရှိ၊ မရှိ လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြဆောင်ရွက်ရာ မြို့နယ်မီးသတ်ဦးစီးဌာနမှ စခန်းမှူး မောင်မောင်ရွှေနှင့် ဝန်ထမ်းများ မီးငြိမ်းသတ်ပုံများကိုလက်တွေ့ပြသပြီး ဈေးသူဈေးသားများအား လက်တွေ့ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သန်းထွန်းအေး(မိုင်းဖြတ်)**





# ကန်ကြီးထောင့်မြို့နယ်ရှိ စက်ရုံများမီးဘေးလုံခြုံရေးနှင့် စစ်ဆေးထောက်ခံချက် (FSC) သက်တမ်းတိုးခြင်းလုပ်ငန်းများအား တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေး

**ကန်ကြီးထောင့် ဇန်နဝါရီ ၁၁**

ကန်ကြီးထောင့်မြို့နယ်အတွင်းရှိ စက်ရုံမီးဘေးလုံခြုံရေး စစ်ဆေးခြင်းနှင့် မီးဘေးလုံခြုံရေးစစ်ဆေးထောက်ခံချက် (FSC) သက်တမ်းတိုးခြင်းလုပ်ငန်းများကို ယမန်နေ့က ဟွာမှုန်အထည်ချုပ်စက်ရုံ၌ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။ (ဓါတ်ပုံ)

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးအောင်ဆွေဝင်း ဦးဆောင်၍ ပုသိမ်ခရိုင် မီးသတ်ဦးစီးမှူး လ/ထ ညွှန်ကြားရေးမှူး ဦးကျော်သူရ၊ ကန်ကြီးထောင့်မြို့နယ် မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးမျိုးမြင့်စိုးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဟွာမှုန်အထည်ချုပ်စက်ရုံတွင် တပ်ဆင်ထားသော sprinkler စနစ်၊ Hydrant စနစ်များ၊ Hose Reel စနစ်များ၊ Smoke Detector စနစ်များ၊ မီးသတ်ပန့်စနစ်များ၊ Fire Alarm bell စနစ်များ၊ Emergency light စနစ်များ၊ Exit စနစ်များ ကောင်းမွန်မှုရှိ မရှိ စစ်ဆေးခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**



# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲများ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၁**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲများကို ယနေ့တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ရှိ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းနှင့် ခိုလမ်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်းတို့၌ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်း (ကျွဲကူး) ၌လည်းကောင်း ပြုလုပ်ကြရာ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောင်းသားကျောင်းသူများက စုံညီပွဲတော်သီချင်းများ၊ တိုင်းရင်းသားရိုးရာအကများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။ ထို့နောက် တိုင်းမှူးများက အဖွင့်အမှာစကားများ ပြောကြားကြသည်။

ယင်းနောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် အင်္ဂလိပ်စာ၊ သင်္ချာစွမ်းရည်ပြိုင်ပွဲများ၊ စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများ၊ အတန်းစဉ်အလိုက် ပညာရည်ချွန်ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများ၊ ခွင့်ရက်မပျက်ဆုရ ဆရာ ဆရာမများနှင့် လူရည်ချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် အခြေခံပညာကျောင်းများအတွက် အလှူငွေများပေးအပ်ကြပြီး ကျောင်းသားကျောင်းသူများ၏ တေးသရုပ်ဖော်အကအလှများဖြင့် သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြကာ ပြခန်းများအတွင်း လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ညောင်တုန်းမြို့နယ် ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်(မြို့နယ်အဆင့်) ကျင်းပ

**ညောင်တုန်း ဇန်နဝါရီ ၁၁**

ဧရာဝတီတိုင်း ဒေသကြီး ညောင်တုန်းမြို့နယ် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် (မြို့နယ်အဆင့်) ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံထူးချွန်ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၁၁ ရက် နံနက် ၉ နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း လှိုင်ပညာခန်းမ၌ ကျင်းပသည်။





ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးကျော်က မြို့နယ်ပညာရေး တိုးတက်မြင့်မားရေးနှင့် ပတ်သက်၍ အမှာစကား ပြောကြားသည်။ ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဦးထွန်းမြင့်က ပညာရေးဆိုင်ရာ အကြောင်းအရာများနှင့် ပညာရေးစုံညီပွဲတော် ကျင်းပရခြင်းအကြောင်းနှင့် ပတ်သက်၍ အမှာစကား ပြောကြားသည်။

ထို့နောက် ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံဆုနှင်းသဘင် အခမ်းအနားကို ကျင်းပရာ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)အခြေခံပညာ ဆရာ ဆရာမများ၊ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၁၀၁) ဆုရရှိသူများ၊ (၂၄)ကြိမ်မြောက် ဆို၊ က၊ ရေး၊ တီး၊ ပြိုင်ပွဲတွင် တိုင်းအဆင့်ဆုရ ကျောင်းသား ကျောင်းသူများ၊ တိုင်းအဆင့် သင်္ချာ ထူးချွန်နှင့် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲ၊ မြို့နယ်ဘက်စုံထူးချွန် လူရည်ချွန်ဆုရ ကျောင်းသား ကျောင်းသူများ၊ (၂၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ ပန်းချီ၊ ပိုစတာပြိုင်ပွဲ၊ ကဗျာ၊ စာစီစာကုံးဆုရရှိသူများ၊ မြို့နယ်/ ခရိုင်/တိုင်းအဆင့်၊ စာပေ၊ ဂီတ၊ ထူးချွန်သူများနှင့် ဘက်စုံထူးချွန်ဆုရရှိသူစုစုပေါင်း ၈၂ ဦးတို့ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးကျော်နှင့် တာဝန်ရှိသူများက ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။

**ထွန်းကျော်(ညောင်တုန်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1J/6158 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)
အင်းစိန်

## ရန်ကုန်တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန သန်လျင်ခရိုင်/တွံတေးခရိုင် လုပ်ငန်းသုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ သန်လျင်ခရိုင်/တွံတေးခရိုင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ဖြည့်စွက်/ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေတို့ဖြင့် ဆောင်ရွက်မည့် ကျေးလက်လမ်းတံတား လုပ်ငန်းများ၏ လုပ်ငန်းသုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

| | |
|---|---|
| **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** | -(၁၅-၁-၂၀၂၅)ရက်(ဗုဒ္ဓဟူးနေ့) |
| **လျှောက်လွှာပိတ်မည့်ရက်** | -(၂၈-၁-၂၀၂၅)ရက်(အင်္ဂါနေ့) ၁၂:၀၀ နာရီအထိ |
| **တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်** | -(၃၀-၁-၂၀၂၅)ရက်(ကြာသပတေးနေ့) |
| **တင်ဒါဖွင့်ပွဲကျင်းပမည့်အချိန်** | -နံနက် (၁၀:၀၀)နာရီ |
| **တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** | -လက်ထောက်ညွှန်ကြားရေးမှူး(ရုံး)၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ |

၂။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာများအား လက်ထောက်ညွှန်ကြားရေးမှူး(ရုံး)၊ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန၊ သန်လျင်ခရိုင်၊ အမှတ် ၁၁၃၆/၁၊ ပိတောက်လမ်း၊ ဘုရားကုန်း အဆင့်-၁၊ ဘုရားကုန်းကျေးရွာ၊ စစ်စီးတော၊ သန်လျင်မြို့နယ်တွင် လာရောက်ကြည့်ရှုခြင်းဖြင့်လည်းကောင်း၊ ဖုန်း-၀၉-၄၂၈၂၀၇၆၉၀ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မှော်ဘီခရိုင်/တိုက်ကြီးခရိုင် လုပ်ငန်းသုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မှော်ဘီခရိုင်/တိုက်ကြီးခရိုင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ဖြည့်စွက်/ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေတို့ဖြင့် ဆောင်ရွက်မည့် ကျေးလက်လမ်းတံတား လုပ်ငန်းများ၏ လုပ်ငန်းသုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

| | |
|---|---|
| **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** | -(၁၅-၁-၂၀၂၅)ရက်(ဗုဒ္ဓဟူးနေ့) |
| **လျှောက်လွှာပိတ်မည့်ရက်** | -(၂၈-၁-၂၀၂၅)ရက်(အင်္ဂါနေ့) ၁၂:၀၀ နာရီအထိ |
| **တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်** | -(၃၁-၁-၂၀၂၅)ရက်(သောကြာနေ့) |
| **တင်ဒါဖွင့်ပွဲကျင်းပမည့်အချိန်** | -နံနက် (၁၀:၀၀)နာရီ |
| **တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** | -လက်ထောက်ညွှန်ကြားရေးမှူး(ရုံး)၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မှော်ဘီခရိုင်၊ မင်္ဂလာဒုံမြို့နယ်။ |

၂။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာများအား လက်ထောက်ညွှန်ကြားရေးမှူး(ရုံး)၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မှော်ဘီခရိုင်၊ အမှတ် ၂၅၃(ခ)၊ ပုလဲမြို့သစ်(ဘိုခြံလမ်း)၊ မင်္ဂလာဒုံမြို့နယ်တွင် လာရောက်ကြည့်ရှုခြင်းဖြင့် လည်းကောင်း၊ ဖုန်း-၀၉-၄၄၂၀၇၄၈၉၂ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအောက်ရှိ မြို့နယ်များတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ဖြည့်စွက်/ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေတို့ဖြင့် ဆောင်ရွက်မည့် ကျေးလက်လမ်းတံတား လုပ်ငန်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

| | |
|---|---|
| **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** | -(၁၄-၁-၂၀၂၅)ရက်(အင်္ဂါနေ့) |
| **လျှောက်လွှာပိတ်မည့်ရက်** | -(၂၇-၁-၂၀၂၅)ရက်(တနင်္လာနေ့) |
| **တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်** | -(၂၈-၁-၂၀၂၅)ရက်(အင်္ဂါနေ့) |
| **တင်ဒါဖွင့်ပွဲကျင်းပမည့်အချိန်** | -နံနက် (၉:၃၀)နာရီ |
| **တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** | -ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ အမှတ်(၁၁+၁၂)၊ (၉၁)ရပ်ကွက် ဇလွန်မြစ်(၃)လမ်း၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |

၂။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာများအား ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်တွင် လာရောက်ကြည့်ရှုခြင်းဖြင့်လည်းကောင်း၊ ဖုန်း- ၀၉-၄၂၅၀၀၀၁၇၉ နှင့် ၀၉- ၄၅၁၃၉၂၂၀၇ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ (၂၀၂၄-၂၀၂၅) ဘဏ္ဍာရေးနှစ်၊ သာမန်အသုံးစရိတ်ရန်ပုံငွေဖြင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန အသိအမှတ်ပြု ကင်ဆာရောဂါကုသဆေးနှင့် ပဋိဇီဝဆေးများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက် ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

| | |
|---|---|
| တင်ဒါအမှတ် | - Tender.23. Oncology Medicine and Antibiotics (2024-2025). |
| တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | - ၁၁-၁-၂၀၂၅ ရက်နေ့ |
| တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန် | - ၂၄-၁-၂၀၂၅ ရက်နေ့၊ မွန်းတည့်(၁၂:၀၀)နာရီ |

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇ ၃၄၃၁၀၈၅/၀၆၇၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၄)၊ မြေကွက်အမှတ်-၄၆(က)၊ မြေကွက် တည်နေရာ အမှတ်-၄၆(က)၊ ချယ်ရီလမ်း၊ ၅၄-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဦးစိုးဝင်း ၁၂/ရကန(နိုင်)၀၅၁၃၇၂ အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်အား ဂရန်အမည်ပေါက် ဦးစိုးဝင်း (ခင်ပွန်း)ဖြစ်သူသည် ၉-၁-၂၀၂၂ရက်တွင် ကွယ်လွန်၍ ဇနီးဖြစ်သူ ဒေါ်တင်တင်ဦး ၁၂/ရကန(နိုင်)၀၅၂၂၀၄မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ ဇနီးဖြစ်ကြောင်း၊ အထက်ပါမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား တစ်ဦးတည်းသော ဇနီးဖြစ်သူ မိမိကသာလျှင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ မိမိမှလွဲ၍ အခြားအမွေဆက်ခံသူမရှိပါကြောင်း ကျမ်းကျိန်လွှာအမှတ် ၃၁၉၆/၂၀၂၃ (၂၈-၆-၂၀၂၃)၊ အသိသက်သေနှစ်ဦး၏ ထောက်ခံကျမ်းကျိန်လွှာနှစ်စောင်၊ ခင်ပွန်းသေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နှစ်(၆၀) မြေငှားစာချုပ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ပိုင်ဆိုင်/အရောင်းမြေပုံကူးလျှောက်ထားခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ (၁)ထပ်၊ သွပ်မိုး၊ ပျဉ်ကာ(၁)လုံးရှိပြီး၊ လူမနေ၊ ဒေါ်တင်တင်ဦးမှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသည်။ ၄င်းမှ တံခါးဖွင့်ထားသော ခြံကွက်၏ ဓာတ်ပုံအား ဌာနသို့ လာရောက်တင်ပြခြင်းဖြစ်ပြီး အဆိုပါကိစ္စနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက မိမိမှ တာဝန်ယူဖြေရှင်းပေးမည်ဟုဝန်ခံကတိပြု၍ ပိုင်ဆိုင်/အရောင်းမြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါ ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ် (၀၀-၃၂)ဦး ဦးပိုင်အမှတ် (၄-ဃ)၊ ဖ၁လမ်း၊ အမှတ်(၆)၊ ရေချိုးပစ်မြောင်းတောင်ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးတေဇစောဦး၏ (SP ရရှိသူ ဦးဇေယျာကျော်)ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် အမှတ် (၆၉/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဦးထွန်းမြတ်အောင် ၁၂/မရက(နိုင်)၁၄၂၀၂၁ က အမှုတွဲအမှတ် (၆၀၅၈/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(တ-၇/ဏ)၊ ဦးပိုင်အမှတ် ၁၉၊ ၁၀၂x၁၀၃ ကြား၊ ၆၉x၇၀ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မြမြသင်းထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၇၃၀/၂၀၂၃) ဖြင့် ဝယ်ယူခဲ့သူ ဦးစိန်ဦး ၁၂/လသန(နိုင်)၀၁၄၆၉၃၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၆၈၉၃/၂၀၂၃) ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ဆွေမွန်လတ် ၉/ခအဇ(နိုင်)၀၁၁၈၀၆ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ မုဒုံမြို့၊ အထက (၁) Grade-10 မှ မင်းအောင်ဘိုဘို သက် အထက (ကလော့သော့) Grade-4 မှ မအိနံ့သာဖြူတို့၏ ဖခင်အမည်မှန်မှာ မင်းငွေစိုး (၁၀/မဒန(နိုင်)၁၆၈၆၄၇)ဖြစ်ပါကြောင်း။

သစ်ပင်နည်းလာ တို့ကမ္ဘာ လွန်စွာပူအေး ဥတုဘေး

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## မအူပင်တက္ကသိုလ်
## ကြေညာချက်
## (၁၇)ကြိမ်မြောက် နေ့သင်တန်းနှင့် အဝေးသင်သင်တန်းဘွဲ့နှင်းသဘင် လျှောက်လွှာခေါ်ယူခြင်း

၁။ မအူပင်တက္ကသိုလ်၏ (၁၇) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ၂၀၂၅ခုနှစ်၊ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတွင် ကျင်းပမည်ဖြစ်ပါသဖြင့် အဆိုပါ အခမ်းအနားများသို့ တက်ရောက်ဘွဲ့ (သို့) အဝေးရောက်ဘွဲ့ယူမည့် အောက်ပါ ကျောင်းသား၊ ကျောင်းသူများသည် ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို မအူပင်တက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် (၁၃-၁-၂၀၂၅) ရက် (တနင်္လာနေ့)မှ စတင်ရယူ၍ (၂၀-၁-၂၀၂၅) ရက် (တနင်္လာနေ့)အထိ (စနေ၊ တနင်္ဂနွေ နေ့နှင့် အစိုးရရုံးပိတ်ရက် များမှအပ) နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

(က) နေ့သင်တန်း (၂၀၂၃-၂၀၂၄) ပညာသင်နှစ်၊ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလတွင် ကျင်းပပြီးစီးခဲ့သော ရိုးရိုးဘွဲ့ (ဝိဇ္ဇာ/သိပ္ပံ)၊ ဂုဏ်ထူးဘွဲ့ (ဝိဇ္ဇာ/သိပ္ပံ)၊ မဟာဘွဲ့ (ဝိဇ္ဇာ/သိပ္ပံ) အောင်မြင်ပြီးသူများ

(ခ) အဝေးသင်သင်တန်း၏ ၂၀၂၄ ပညာသင်နှစ် (အောက်တိုဘာလနှင့် နိုဝင်ဘာလ)တွင် ကျင်းပခဲ့သော စတုတ္ထနှစ် (ဝိဇ္ဇာ/သိပ္ပံ) ဘွဲ့ အောင်မြင်သူများ

၂။ ဘွဲ့နှင်းသဘင်သို့ တက်ရောက်/အဝေးရောက် လျှောက်ထားလိုသူများသည် ဘွဲ့လျှောက်လွှာများကို မအူပင်တက္ကသိုလ် စာမေးပွဲနှင့်ဘွဲ့နှင်းဌာနတွင် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် (မူရင်း-မိတ္တူ)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း-မိတ္တူ)နှင့် နောက်ဆုံးနှစ် ကျောင်းသားကတ် (မူရင်း-မိတ္တူ)တင်ပြ တောင်းယူလျက် လွန်ခဲ့သော (၃)လအတွင်း ရိုက်ကူးထားသောဓာတ်ပုံ (၂"x ၁ $\frac{၁}{၂}$ " အရွယ်) (၂) ပုံ ပူးတွဲ၍ လျှောက်ထားရပါမည်။

၃။ ဘွဲ့နှင်းသဘင်ကြေးကို မအူပင်တက္ကသိုလ် ငွေလက်ခံဌာနသို့ပေးသွင်းရမည်။ နယ်မှလျှောက်ထားသူများသည် သတ်မှတ်ကြေးကို ပါမောက္ခချုပ် မအူပင်တက္ကသိုလ်သို့ လိပ်မူ၍စာတိုက်ငွေပို့လွှာ (Postal Money Order) ဖြင့်ပေးပို့နိုင်သည်။ ငွေပို့လွှာ၏အောက်ခြေတွင် ဘွဲ့နှင်းသဘင်ကြေးဟု ဖော်ပြပြီးလျှောက်လွှာရှင်အမည်၊ စာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ၊ အောင်မြင်သည့်ခုနှစ် စသည်တို့ကို တိကျစွာဖော်ပြရမည်။

၄။ ဘွဲ့နှင်းသဘင် တက်ရောက်လိုသူများသည် ဘွဲ့နှင်းကြေး (၁၅၀၀ဝိ/-) တစ်ထောင့်ငါးရာကျပ်တိတိနှင့် အဝေးရောက်ဘွဲ့ယူလိုသူများသည် ဘွဲ့နှင်းကြေး (၁၀၀၀ဝိ/-) တစ်ထောင်ကျပ်တိတိပေးသွင်းရမည်။

၅။ ဘွဲ့တက်ရောက်ယူမည်ဟုလျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ဘွဲ့ယူရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များထုတ်ပေးသည့်အချိန် (ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပပြီး (၆) လကြာ)မှသာ ထုတ်ပေးမည်ဖြစ်သည်။

၆။ မအူပင်တက္ကသိုလ် (၁၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကို အောက်ပါအစီအစဉ်အတိုင်းကျင်းပပြုလုပ်မည် ဖြစ်ပါသည်-

**ဘွဲ့နှင်းသဘင်နေ့ ၁-၂-၂၀၂၅ရက် (စနေနေ့)**

| (က) | နံနက်ပိုင်း (နံနက် ၉:၀၀ နာရီ) | (ခ) | မွန်းလွဲပိုင်း (မွန်းလွဲ ၂:၀၀ နာရီ) |
|---|---|---|---|
| | **- ရိုးရိုးဘွဲ့** | | **- ရိုးရိုးဘွဲ့** |
| | သမိုင်း၊ ဒဿနိကဗေဒ | | မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ အရှေ့တိုင်း |
| | ဓာတုဗေဒ၊ သင်္ချာ၊ ရုက္ခဗေဒ | | ရူပဗေဒ၊ သတ္တဗေဒ၊ ဘူမိဗေဒ |
| | **- ဂုဏ်ထူးဘွဲ့** | | **- ဂုဏ်ထူးဘွဲ့** |
| | သမိုင်း၊ ဒဿနိကဗေဒ | | မြန်မာစာ၊ ပထဝီဝင်၊ အရှေ့တိုင်း |
| | ဓာတုဗေဒ၊ သင်္ချာ၊ ရုက္ခဗေဒ | | ရူပဗေဒ၊ သတ္တဗေဒ၊ ဘူမိဗေဒ |
| | **- မဟာဘွဲ့** | | **- မဟာဘွဲ့** |
| | သမိုင်း၊ ဒဿနိကဗေဒ | | အင်္ဂလိပ်စာ၊ အရှေ့တိုင်း |
| | ဓာတုဗေဒ၊ သင်္ချာ၊ ရုက္ခဗေဒ | | ရူပဗေဒ၊ သတ္တဗေဒ |

**အစမ်းလေ့ကျင့်ခြင်းနေ့ - ၃၀-၁-၂၀၂၅ ရက် (ကြာသပတေးနေ့ ) (နံနက်ပိုင်း)**

၇။ ဘွဲ့အသီးသီးကို တက်ရောက်ယူကြမည့်သူများသည် အစမ်းလေ့ကျင့်ပွဲနှင့်ဘွဲ့နှင်းသဘင်အခမ်းအနားတွင် မြန်မာ့ယဉ်ကျေးမှုအစဉ်အလာနှင့် ကိုက်ညီသော မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ (အမျိုးသား)တို့မှ နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍တက်ရောက်ရမည်။

၈။ ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာကို (၂၇-၁-၂၀၂၅) ရက်နှင့် (၂၈-၁-၂၀၂၅) ရက်နေ့ နံနက်(၁၀:၀၀) နာရီအချိန်တွင် စာမေးပွဲနှင့်ဘွဲ့နှင်းဌာနတွင် ထုတ်ပေးပါမည်။ ဘွဲ့ဝတ်စုံထုတ်ယူသူများသည် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် ကျောင်းသားမှတ်ပုံတင်ကတ်ပြားများကို ယူဆောင်လာရမည်။

၉။ မအူပင်တက္ကသိုလ် အဝေးသင်သင်တန်း ဘွဲ့နှင်းသဘင် အစီအစဉ်အား ထပ်မံကြေညာပေးပါမည်။

၁၀။ အသေးစိတ် အချက်အလက်များကို သိရှိလိုပါက မအူပင်တက္ကသိုလ် မော်ကွန်းထိန်း ( စာမေးပွဲနှင့် ဘွဲ့နှင်းဌာန) ဖုန်းနံပါတ် ၀၉- ၄၂၈၀၀၄၆၃၃ သို့ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**မှတ်ချက်**။ အခြားပညာသင်နှစ်မှ ဘွဲ့စာမေးပွဲ အောင်မြင်ကြသူများသည် အဝေးရောက်ဘွဲ့ လျှောက်ထားနိုင်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာအုပ်စု၊ ဘုရားကြီးဈေးနောက်၊ မာလကာ စမ်းလမ်းရှိ အရှေ့လားသော် - မာလကာစမ်းလမ်း၊ အနောက်လားသော်-ဦးတတိုင်းမွေးနေအိမ်၊ တောင်လားသော်-မခိုင်သူဇာမွေးကုန်စုံဆိုင်၊ မြောက်လားသော်-ကိုဇော်ထိုက်နေအိမ် နယ်နမိတ်အတွင်းရှိ အမျိုးအစားရွာမြေ L မြေကွက်အကျယ်အဝန်း (ရှေ့မျက်နှာစာအနံ-၁၂ ပေ x နောက်သို့အလျား ၃၀ ပေ)ခြံမြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ဝယ်ထားပိုင်ဆိုင်၊ စီမံခန့်ခွဲ၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်သန်းသန်းစိုး(၁၄/မအပ(နိုင်)၂၄၄၃၁၄)ထံမှ ကျွန်ုပ်၏မိတ် ဆွေဖြစ်သူ ဒေါ်မိုးမြတ်ဇူလိုင်(၁၁/တကန(နိုင်)၀၉၈၆၅၆)က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ် တစ်ဒေသပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်း၊ စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်နေ့ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့် အညီပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်မိုးမြတ်ဇူလိုင်၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးရာဇာထွန်း(LL.B) အထက်တန်းရှေ့နေ(စဉ်-၃၈၀၉၉)**
**အမှတ်(၁၄)၊ ပထမထပ်(ဘီ)၊ ဇမ္ဗူသီရိလမ်း၊ ဗိုလ်ကုံညွန့်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း-၀၉-၄၂၁၇၂၄၆၃၅**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၌
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၄၀

| | | |
|---|---|---|
| ၁။ ဦးဇေယျာမျိုးမင်း<br>၂။ ဒေါ်နန်းအေးချမ်းခင် | နှင့် | ၁။ ဦးဇော်မင်း<br>၂။ ဒေါ်ထွေးထွေးတင့် (၎င်းတို့၏ (အထူးကိုယ်စားလှယ်စာရသူ ဦးဗန်ထောင်းရိန်) |
| **တရားလိုများ** | | **တရားပြိုင်များ** |

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် (စစ-၅)၊ ဦးပိုင်အမှတ်(၈၀) နေ ၁။ ဦးဇော်မင်း ၂။ ဒေါ်ထွေးထွေးတင့် (၎င်းတို့၏ အထူးကိုယ်စားလှယ်စာရသူ ဦးဗန်ထောင်းရိန်) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဦးဇေယျာမျိုးမင်း ပါ ၂ က "မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၃)၊ ဦးပိုင်အမှတ်(၂၈)၊ ဧရိယာ (၀.၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်ညွန့်ညွန့်ဝေ အမည်ပေါက်ဂရန် မြေကွက်နှင့်ပတ်သက်၍ ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆို ချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ(၁၆)ရက် (၁၃၈၆ ခုနှစ်၊ ပြာသိုလဆုတ် (၃) ရက် မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင်သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြု လိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရ မည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရ မည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ(၂၆)ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မဂျီဂျာဆိုင်းပန်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## မွေးသက္ကရာဇ်အမှန်

ရောဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ကျောင်းကုန်းမြို့နယ်၊ မကျီးပင်ကွင်းအုပ်စု၊ ဥယျာဉ်တန်း နေ(ဘ)ဦးစံသိန်း၏ သမီး ဒေါ်ယဉ်ယဉ်အေး၏ မွေးသက္ကရာဇ်အမှန်မှာ (၁၆-၈-၁၉၇၉)ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကလောမြို့နယ်၊ အ.ထ.က (ခွဲ)မြင်စိုင်းကုန်း၊ Grade-11မှ မအိချော၏ဖခင် ဦးမောင်မောင်နှင့် ဦးဝင်းချို ၁၃/ပတယ(နိုင်) ၀၄၃၉၇၈ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကလောမြို့နယ်၊ အ.ထ.က (ခွဲ)မြင်စိုင်းကုန်း၊ Grade-11မှ မစိန်ထွေး၏ဖခင် ဦးမင်းလှနှင့် ဦးမောင်လှ ၁၃/ကလန(နိုင်)၀၉၆၆၀၈ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အ.ထ.က (ခွဲ) ထီသိမ်ရွှေး(တ) Grade-11 မှ မဟန်နွေဦး၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းထွန်း ၁၃/တကန(နိုင်)၀၉၄၂၀၈ ဖြစ်ပါကြောင်း။

## "အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း"

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၅၃-အေ/ မြန်မာနန်းကွက်သစ်)၊ ဦးပိုင်အမှတ်(၁၉၅)၊ ဧရိယာ(၀.၀၅၅)ဧကရှိမြေကွက်သည် ဦးမြင့်တိုးအမည်ဖြင့် (၁၀)နှစ်မြေငှားဂရန်ရရှိထားပါသည်။ ဂရန်အမည်ပေါက်သူ ဦးမြင့်တိုးထံမှ ဦးရဝေဖုန်း ၃/လဘန(နိုင်) ၁၁၄၄၆၂ က(၂၂-၁၁-၂၀၂၄)ရက်စွဲပါစာချုပ်အမှတ်(၁၀၄/၂၀၂၄)အရ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးရဝေဖုန်းအမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း)လျှောက်ထားလာမှုအပေါ် ကန့်ကွက်တင်ပြလိုသူမည်သူမဆို ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ယခုကြော်ငြာစာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်း မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန် ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ သောက်ရေသန့်စက်ရုံအား ပြင်ပပုဂ္ဂလိကလုပ်ငန်းရှင်များထံသို့ အငှားချထားရန်အတွက် စိတ်ဝင်စားမှုဖော်ပြခြင်း အဆိုပြုလွှာတင်သွင်းနိုင်ရန် ဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် လူမှုကရုဏာဆိုင်ရာလုပ်ငန်းများတွင် ထိထိရောက်ရောက်ဆောင်ရွက်နိုင်စေရန် ဝင်ငွေတိုးလုပ်ငန်းအဖြစ် နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်တွင် တည်ရှိသော အသင်းပိုင် "သန့်"သောက်ရေသန့်စက်ရုံအား ပြင်ပပုဂ္ဂလိကလုပ်ငန်းရှင်များထံသို့ အငှားချထားရန် စီစဉ်ဆောင်ရွက်ထားပါသဖြင့် စိတ်ပါဝင်စားသူများအနေဖြင့် ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်နိုင်ရန်အတွက် "စိတ်ဝင်စားမှုဖော်ပြခြင်း အဆိုပြုလွှာ"နှင့် "နည်းပညာဆိုင်ရာကုန်သည်ဆန်းစစ်လွှာ"ရယူရန် ဆက်သွယ်နိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ နည်းပညာဆိုင်ရာကုန်သည် ဆန်းစစ်လွှာဆိုင်ရာ ကြိုတင်တောင်းခံခြင်းကို မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ထောက်ပံ့ ပို့ဆောင်ရေးနှင့် ဝယ်ယူဖြည့်တင်းရေးဆိုင်ရာစီမံခန့်ခွဲမှုဌာန၊ အမှတ်၄၂၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်းနံပါတ်-၀၉-၄၂၁၁၆၉၅၈၃၊ ၀၉-၈၉၅၃၈၅၇၇၀နှင့် အီးမေးလ် mrcsprocurement @redcross.org.mmသို့ ဆက်သွယ်ကာ ၂၀၂၅ခုနှစ်၊ ဇန်နဝါရီလ(၁၃)ရက် မြန်မာစံတော်ချိန် နံနက်(၁၀:၀၀)နာရီမှ စတင်ထုတ်ယူနိုင်ပြီး နည်းပညာဆိုင်ရာ ကုန်သည်ဆန်းစစ်လွှာဆိုင်ရာ ကြိုတင်မေးခွန်းလွှာဖြေဆိုမှုများနှင့် အထောက်အထားစာရွက်စာတမ်းများကို ၂၀၂၅ခုနှစ်၊ ဇန်နဝါရီလ(၂၇)ရက်၊ မြန်မာစံတော်ချိန် ညနေ(၄:၃၀)နာရီ နောက်ဆုံးထား၍ ဖော်ပြပါလိပ်စာသို့ တံဆိပ်ခတ်ထားသည့် စာအိတ်ဖြင့် ပေးပို့ရမည် ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဇေယျာဝတီ(၅)လမ်း၊ မြေကွက်အမှတ် (၂၂၁၉ က+ ခ) ပေါ်တွင် တည်ရှိဆောက်လုပ်ထားသည့် ၂- ခန်းတွဲ (၅)ထပ်တိုက်၏ ခေါင်းရင်းခြမ်း၊ ပထမထပ် (၂- လွှာ)၊ အလျား x အနံ (၁၄x ၅၄) ပေရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား မူလပိုင်ဆိုင်သူထံမှ အရောင်းအဝယ်စာချုပ်စာတမ်း အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ဝသုန်ဖြိုး (၁၄/ပသန(နိုင်)၂၀၇၇၃၈) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်အေမီသန်း (၁၁/သတန(နိုင်)၀၀၀၈၈၇)မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံကြောင်း တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဦးဝင်းသူရဇော် (LL.B)** | **ဒေါ်ယမင်းထွေး (LL.B)** | **ဦးရဲသီဟ (LL.B)** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၄၂၀၆၆)** | **(စဉ်-၁၂၃၆၅)** | **(စဉ်-၅၆၃၆၆)** |

**အမှတ် (၁၀၁)၊ ကံ့ကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း- ၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇**

## အများသိစေရန်ကြေညာခြင်း

ရောဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့နယ်၊ ဒေါ်ငြိမ်းကျေးရွာအုပ်စု၊ ကမန္တာကျေးရွာနေ ကျွန်တော် ဦးစိုးဦး ၁၄/ဖပန(နိုင်)၀၄၈၁၄၆နှင့် ကျွန်မ ဒေါ်ခင်မိုးမိုး ၁၄/အမတ(နိုင်)၀၁၄၈၆၂တို့ ဇနီးမောင်နှံမှ မမေသကြိန် (ဘ) ဦးစိန်ကြီး (၇)ရပ်ကွက်၊ ကျုံကဒွန်းကျေးရွာ၊ ဖျာပုံမြို့နယ်၏သား၊ မောင်ငြိမ်းချမ်းအောင်အား သူမ၏သဘောတူခွင့်ပြုချက်ဖြင့် ၁၁-၁၀-၂၀၂၀ရက်တွင် အမွေစားအမွေခံသားအဖြစ် မွေးစားပြီးပြီဖြစ်ပါကြောင်း အများပြည်သူများသိရှိရန် ကြေညာအပ် ပါသည်။

**မိဘ-ဦးစိုးဦး-ဒေါ်ခင်မိုးမိုး**

## မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3M/6127 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးသွားပါ၍ ပြန်လည်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 83W/18078, Honda Dream-125,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နော်ဖောရီး ၃/ဘအန(နိုင်)၂၉၃၈၄၁က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(ဘားအံမြို့)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 72W/60955, Dayang-125 ယာဉ်လက်ဝယ်ရှိသူ Sein Sabae Phyu Co., Ltd က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မင်းဘူး)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 81W/49892 , Dayang-125 ယာဉ်လက်ဝယ်ရှိသူ That Hnin Su Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မင်းဘူး)**

## "အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း"

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ် (၅၃-အေ/မြို့သစ်အပိုင်း-ခ)၊ ဦးပိုင်အမှတ်(၆၈)၊ ဧရိယာ(၀.၀၈၃)ဧကရှိ မြေကွက်သည် ဦးကြည်လွင်အမည်ဖြင့် နှစ်(၃၀)မြေငှားဂရန်ရရှိထားပါသည်။ မြေဧရိယာ(၀.၀၈၃)ဧကအနက်မှ (၀.၀၂၈)ဧကအား ဦးကြည်လွင်ထံမှ ဒေါ်နန်းလာဝေါ်ဝေါ်က(၁၅-၃-၂၀၂၃)ရက်စွဲပါ စာချုပ်အမှတ်(၁၇/၂၀၂၃)အရလည်းကောင်း၊ ဒေါ်နန်းလာဝေါ်ဝေါ်ထံမှ ဦးမြတ်သူစိုး ၇/ဖမန(နိုင်)၁၈၀၃၀၉ က(၄-၁၂-၂၀၂၄)ရက်စွဲပါစာချုပ်အမှတ်(၁၀၇/၂၀၂၄)အရ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးပိုင်ခွဲစိတ်/ခွဲစိတ်အမည်ပြောင်းဂရန်လျှောက်ထားလာမှုအပေါ် ကန့်ကွက်တင်ပြလိုသူမည်သူမဆို ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများ သိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်(55W/94496) Honda Wave-100 ယာဉ်လက်ဝယ်ရှိသူ N.C.X Myanmar Co;ltd က (ကမ-၃) ပျောက်မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ခရိုင်ရုံး(မင်းဘူး)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်(82W/88489) Dayang-125 ယာဉ်လက်ဝယ်ရှိသူ Orchid Queen Co;ltd က (ကမ-၃) ပျောက်မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန် ။

**ကညန၊ခရိုင်ရုံး(မင်းဘူး)**

## ကြော်ငြာစာ
## ( အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ )
## အမရပူရခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၁

**ကွယ်လွန်သူ ဦးစိုးမြင့်၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ဘုံးအိုးကျေးရွာ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးစိုးမြင့်၏ ကျန်ရစ်သော မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ဘုံးအိုးကျေးရွာ၊ ကွင်းအမှတ် (၆၂၀/ဘုံးအိုး)၊ ဦးပိုင်အမှတ် (၁-ခ)၊ ဧရိယာ (၁.၃၀)ဧကရှိ ကိုင်းမြေအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်စန်းစန်းဝေက အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက် (၁၃၈၆ ခုနှစ်၊ ပြာသိုလဆုတ် ၁၁ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်စန်းစန်းဝေ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်၊ ဆိုခဲ့သော ၂၀ ၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက် (၁၃၈၆ ခုနှစ်၊ ပြာသိုလဆုတ် ၁၁ ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်စန်းစန်းဝေ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှု အကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စန်းစန်းဝင်း)**
**ခရိုင်တရားသူကြီး**
**အမရပူရခရိုင်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဆ ရပ်ကွက်၊ အကွက်အမှတ် ဓဓ-၁၀၊ ဦးပိုင်အမှတ် ၃၀/၆၀AX၆၀Bကြား၊ ၁၃၀X၁၃၁ကြားရှိ ဦးတင်စိုး အမည်ပေါက် တောဂရန်မြေကွက်အား တရားလိုဒေါ်ညွန့်ညွန့်ဝင်းက တရားပြိုင် ဦးတင်စိုးအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ် (၁၄၈/၂၀၂၄)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဒေါ်ညွန့်ညွန့်ဝင်း ၉/မရမ(နိုင်)၀၀၉၁၁၄က တောဂရန်၊ တရားရုံးအမိန့်တို့ တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ကျောက်ပန်းတောင်းမြို့၊ သီရိမင်္ဂလာရပ်ကွက်၊ ဦးပိုင်အမှတ်၆၂၊ မြေကွက်အမှတ် ၃၂၁/၁၀၁၈၊ အကျယ်(၀.၁၀၆)ဧကရှိ၊ ဦးအောင်ဇေယျ အမည်ပေါက်၊ ဝိုင်းမြေကွက်အား ယခုလက်ရှိ ပိုင်ဆိုင်သူ ဒေါ်ကျီကျီ ၁၁/မတန(နိုင်)၀၀၁၀၂၆ မှ ပိုင်ရှင်အမည်ပြောင်း လျှောက်ထားသွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ(၁၅)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ကျီကျီ**
**ဖုန်း-၀၉-၈၈၁၁၈၀၀၀၃၊ ၀၉-၈၈၀၅၂၀၀၃၉**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ ကံပိုင်ကျေးရွာအုပ်စု၊ ထားဝယ်ရွာနေ ဦးညွန့်ဆောင်-(ဒေါ်ခင်အေး)တို့၏သမီးဖြစ်သူ မသန်းသန်းအေး ၉/မတရ(နိုင်)၀၉၈၅၄၅သည် မိဘညီအစ်ကိုမောင်နှမများ ခွင့်မလွှတ်နိုင်သည့် အကြောင်းအရာအား ဆောင်ရွက်ပြီး နေအိမ်မှ ထွက်ခွာသွားပါသဖြင့် သမီးအဖြစ်မှ ရာသက်ပန်အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဦးညွန့်ဆောင် ၉/မတရ(နိုင်)၀၁၇၉၁၃**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

